# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ်(၀၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) နှင့် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## စက်စွမ်းအားပြည့်လည်ပတ်၍ ပြည်တွင်းလိုအပ်ချက်ကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) နှင့် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) စက်ရုံ အစည်းအဝေး


*စာမျက်နှာ ၃ ကော်လံ ၁ ❊*



**ယနေ့ ဖတ်စရာ**

မြောက်ဖျားစွန်းအရပ်၏ အိပ်မက်များကို နိုးထစေသော ဖွံ့ဖြိုးရေးတံတိုင်းများ (၁) — ဆောင်းပါး၊ စာ - ၆

ကိုဗစ်-၁၉ ပဋ္ဌမအကျော့ ပြန်ဖြစ်ပွားမှုနဲ့အတူ ဆောင်းတွင်းမှာ ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေကို သတိထား ကာကွယ်ကြရဦးမယ့် ပြင်သစ် — နိုင်ငံတကာရေးရာ၊ စာ - ၁၄

ဗိုလ်ချုပ်စကား နားမှာကြားသော်ငြားလည်း — ဆောင်းပါး၊ စာ - ၂၀

# ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်း ထပ်မံရိုက်ခတ်မှု မဖြစ်ရလေအောင်

တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့တွင်ရှိသည့် မြို့နယ်ပေါင်း ၁၇ မြို့နယ်တွင် လွန်ခဲ့သည့် ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ လျော့နည်းလာသည့်အတွက် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ပေးလိုက်သည်။ ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုလူနာအသစ်တွေ့ရှိမှု ရာခိုင်နှုန်းမှာလည်း ၄ ရာခိုင်နှုန်းနှင့် ၃ ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိလာသည်။ တစ်နိုင်ငံလုံးအတိုင်းအတာတွင် ၅ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာနေသော်လည်း အချို့ဒေသများတွင် မကျဆင်းသေးကြောင်း သတင်းများ ကြားသိ ရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျလာသည်နှင့်အတူ ကာကွယ်ဆေးလွှမ်းခြုံမှု ကျယ်ပြန့်မြင့်မားလာသည်နှင့်အမျှ ကပ်ရောဂါကြောင့် ယာယီအားဖြင့် ရပ်တန့်ထားခဲ့ရသည့် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး စသည်ဖြင့် ကဏ္ဍအသီးသီးတို့ စတင်လည်ပတ်လှုပ်ရှားလာခဲ့ပြီဖြစ်သည်။ အကြမ်းဖက်အုပ်စုများက ခြိမ်းခြောက်မှုများ ရှိနေခြင်းကြောင့် စိုးရိမ်မှုများရှိနေသော်လည်း အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပြန်လည်တက်ရောက်ပညာသင်ယူနေကြပြီဖြစ်သကဲ့သို့ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် ဈေးများတွင်လည်း စားသောက်သူ၊ အပန်းဖြေသူ၊ ရောင်းသူဝယ်သူများနှင့် ပြန်လည်လှုပ်ရှားသက်ဝင်စပြုလာနေပြီဖြစ်သည်။ ရုံးဌာနများ၊ စက်ရုံအလုပ်ရုံများတွင်လည်း ရုံးသူ ရုံးသား ဝန်ထမ်းများ၊ အလုပ်သမားများနှင့် လုပ်ငန်းခွင်ယန္တရားတို့ လည်ပတ်နေကြပြီဖြစ်သည်။

လူများ အိမ်ပြင်သို့ ထွက်လာကြပြီး ထိတွေ့ဆက်ဆံမှုများ၊ စုဝေးမှု၊ ဆုံတွေ့မှုများ များပြားလာခြင်းက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများ၏ ကူးစက်မှုလွန်စွာ လျင်မြန်ခြင်းနှင့် ပြင်းထန်ခြင်းတို့ကြောင့် ကပ်ရောဂါလှိုင်းများ ထပ်ကျော့ရိုက်ခတ်လေ့ရှိသည်ကို ပြည်ပနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသည့် သာဓကများတွင် တွေ့မြင်နိုင်သည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းနှင့် ရင်ဆိုင်ရသည့်အချိန်တွင် အခက်အခဲအကျပ်အတည်းများစွာတို့ကိုပါ ကြုံတွေ့ဖြေရှင်းခဲ့ရသည်။ အချို့သော ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကျော့ပြီး တစ်ကျော့ရိုက်ခတ်ခဲ့ရာ ပဉ္စမအကြိမ်အထိပင် ရှိခဲ့ကြပြီဖြစ်ကြောင်း သတင်းများတွင် တွေ့ရှိခဲ့ရသည်။ ဤသည်မှာ ကိုဗစ်-၁၉ကပ်ရောဂါကို ပေါ့ပေါ့ဆဆ သဘောထား၍မရဘဲ မိမိတို့ လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းများအတွင်း ရောဂါပိုး တွေ့ရှိနေသရွေ့ သတိပြုရှောင်ရှားနေထိုင်ရန် လိုအပ်ကြောင်း သတိပေးနေခြင်းပင် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် အချိန်ကြာမြင့်စွာ တည်ရှိနေဦးမည့် ကပ်ရောဂါဖြစ်သည့်အတွက် လူသားတို့အနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်တာယန္တရားများကို ရောဂါတည်ရှိနေသရွေ့ ရပ်တန့်ထားရန်လည်း ဖြစ်နိုင်မည်မဟုတ်။ ရောဂါကူးစက်မည့်အန္တရာယ်သည် နေရာတိုင်း၌ ရှိနေသည်ကို နားလည်သတိပြုကာ မိမိကိုယ်ကိုယ် ကာကွယ်နေထိုင်သွားကြရမည်သာဖြစ်သည်။ လူတိုင်းက မိမိကိုယ်ကိုယ် ကာကွယ်နေထိုင်ခြင်းသည် မိမိ၏ မိသားစု၊ မိမိ၏ ပတ်ဝန်းကျင်ကိုပါ ရောဂါကူးစက်မှုမှ ကာကွယ်ပေးခြင်းဖြစ်သကဲ့သို့ ရောဂါကူးစက်မှုကွင်းဆက်ကို ပြတ်တောက်သွားစေမည်၊ အချိန်ကာလအတိုင်းအတာတစ်ရပ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားစေရေးအတွက် အထောက်အကူလည်း ဖြစ်စေမည်ဖြစ်သည်။ ရောဂါထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို မပျက်မကွက် ဆက်လက်ကျင့်သုံးခြင်း၊ တစ်ဦးနှင့်တစ်ဦး အသိပေးခြင်း၊ သတိပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်း ထပ်မံရိုက်ခတ်မလာရေးနှင့် ကာကွယ်တားဆီးရေးတွင် တက်ကြွစွာ ဆက်လက်ပါဝင်ကြရေး အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း၊ Pre-service Primary Teacher Training PPTT (7/2020) သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာဦးစီးဌာန
လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း၊
Pre-service Primary Teacher Training PPTT (7/2020) သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ပညာရေးဝန်ကြီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း Pre-service Primary Teacher Training PPTT(7/2020) တက်ရောက်ရမည့်သူများ စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များ၌ သင်တန်းတက်ရောက်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေအရ ခေတ္တဆိုင်းငံ့ထားခဲ့ရပါသည်။ အဆိုပါ ရွေးချယ်ထားသော PPTT (7/2020) သင်တန်းသားများသည် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှစ၍ တက်ရောက်ကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန

## ရေအားလျော့နည်းပြတ်တောက်မည့် အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) လက်အောက်ရှိ ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်) သည် ရန်ကုန်မြို့တွင်း မြို့နယ်များသို့ နေ့စဉ်ရေပေးဝေလျက်ရှိရာ ဒုတိယအဆင့် ရေတွန်းစက်ရုံမှ ရေတွန်းစက်များရပ်၍ HDPE ဖလန်းပိုက်ဆက်နေရာနှင့် သံပိုက်အဆက်နေရာ ရေယိုစိမ့်မှုအား ပြုပြင်ရန် နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီအထိ ခန့်မှန်းကြာချိန် နာရီ ၄၀ ခန့် ပြုပြင်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အဆိုပါရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေ (မေတ္တာညွှန့်ရပ်ကွက်)မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြပါရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မော်ဒယ်သရုပ်ဆောင်များနှင့်အတူ လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၁၁

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၄၀) ကို နိုဝင်ဘာ ၁၂ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၄၀)၏ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ မော်ဒယ်သရုပ်ဆောင် စိုးသီဟ နှင့် ဂျေနော တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ (၁၂၊ ၁၃၊ ၁၄) ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 10 | PO –Azithromycin 500 mg | 5x3's | 4000 | Rammawaddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဝါများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မည်ဖြစ်သကဲ့သို့ ပြည်တွင်းလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများအား မှာကြားစဉ်။

❈ *ရှေ့ဖုံးမှ*

ခန်းမတွင် စက်ရုံမှူး ဦးခိုင်ရွှေ က စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုအခြေအနေ၊ စက်ရုံမှ ချည်မျှင်များ၊ အဝတ်အထည်နှင့်အသုံးအဆောင် ပစ္စည်းများအား အရည်အသွေးပြည့်မီစွာဖြင့် ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်များနှင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်မှု အခြေအနေ၊ တိုင်းရင်းသားများနှင့် ကျေးလက်နေပြည်သူလူထု ဝယ်ယူသုံးစွဲနိုင်မည့် ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ သင်္ကန်းများအား ဝိနည်းတော်နှင့်အညီ ထုတ်လုပ်ရောင်းချနိုင်ရေး ဆရာတော်ကြီးများ၏ ဩဝါဒများခံယူ၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ စက်ရုံ သန့်ရှင်းသပ်ရပ်ရေး၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### အထူးဂရုပြုဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် ချည်မျှင်နှင့်အထည် ထုတ်လုပ်သုံးစွဲမှုတွင် လိုအပ်ချက်များရှိသဖြင့် ပြည်တွင်း၌ စက်ရုံများ တည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသွင်းကုန်များ လျှော့ချရန်အတွက် ပြည်တွင်းစက်ရုံများမှ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်များ ကြံ့ခိုင်မှုရှိရန် လိုအပ်သဖြင့် ထိန်းသိမ်းမှုများအား စဉ်ဆက်မပြတ် ပြုလုပ်နေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စက်ရုံသန့်ရှင်းရေးနှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှုရှိပြီး ယိုယွင်းမှုမရှိစေရေး အသေးစိတ်မှအစ ထိန်းသိမ်းဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံအတွင်း လေဝင်လေထွက်ကောင်းမွန်မှုမရှိခြင်းသည် ဝန်ထမ်းများ၏ ကျန်းမာရေးထိခိုက်မှုကို ဖြစ်စေနိုင်ပြီး လုပ်ငန်းခွင်တွင် လုပ်အားများ ဆုံးရှုံးမှုရှိစေနိုင်ကြောင်း၊ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် ဝန်ထမ်းများ ကျန်းမာရေးကောင်းမွန်စေရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း။

### ထုတ်လုပ်ရောင်းချ

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူတို့၏ အသုံးအဆောင် အဝတ်အထည်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဥပမာအားဖြင့် မျက်နှာသုတ်ပဝါ၊ စွပ်ကျယ်၊ စောင်၊ ခြင်ထောင်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမြတ်ကို အဓိကမထားဘဲ ပြည်သူများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စက်စွမ်းအားပြည့် လည်ပတ်၍ ပြည်တွင်းလိုအပ်ချက်ကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဝတ်အထည်များအား အရည်အသွေးပြည့်မီစွာဖြင့် အဆင့်အတန်းမီထုတ်လုပ်၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရန်လိုကြောင်း၊ အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန်လိုကြောင်း။

### ကူညီဆောင်ရွက်ပေးရမည်

အခြားဈေးကွက် လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ပြည်တွင်း၌ ချည်ထည်အသုံးအဆောင်များနှင့် အဝတ်အထည်ပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ ချည်ထည်များ ထုတ်လုပ်နိုင်ရန် အဓိကအကျဆုံးဖြစ်သည့် ဝါစိုက်ပျိုးမှုများအား တိုးချဲ့ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့် ဝါများ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝါများ အထွက်နှုန်း တိုးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မည်ဖြစ်သကဲ့သို့ ပြည်တွင်းလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါဂွမ်းကိုသာမက ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်များကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဝါထွက်ကုန်ဖြစ်သည့် ဝါစေ့ဆီမှစားဆီနှင့် စက်သုံးဆီများ၊ ဝါကြိတ်ဖတ်များအား တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဝါစိုက်ပျိုးမှု တိုးတက်စေရေး ဝါစိုက်တောင်သူများအား နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အဝတ်အထည်ပစ္စည်းများကို ကြည့်ရှုသည်။

- ❑ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူတို့၏ အသုံးအဆောင် အဝတ်အထည်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်
- ❑ ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့် အထည်များအား အဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) မှ ချည်မျှင်ညို၊ တက်ထရက် ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါ ပိတ်ညို၊ သက်န်းများ၊ တက်ထရက်ပိတ်ရောင်စုံ၊ စွပ်ကျယ် ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန်တာ ဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်း ရောင်စုံတို့အပြင် အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်အား ဈေးနှုန်း သက်သာစွာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) သို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်ထား သည့် ဆေးပစ္စည်းများအား ကြည့်ရှုကာ စက်ရုံ အစည်းအဝေးခန်းမတွင် စက်ရုံမှူး ဦးသောင်းဦးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဖွဲ့စည်းမှု၊ စက်ရုံမှ ဆေးဝါးများ ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေ၊ မြွေဆိပ်ဖြေဆေးများ အဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေ၊ စက်ရုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် (6 M) ဆိုင်ရာ စိစစ် သုံးသပ်ချက် အခြေအနေ၊ နည်းပညာမြင့် စက်များ တပ်ဆင်အသုံးပြုလျက်ရှိမှု အခြေအနေ၊ ကုန်ကြမ်း ရရှိ၊ သုံးစွဲမှုအခြေအနေ၊ ဆေးဝါးများ ထုတ်လုပ် ရာတွင် လိုက်နာဆောင်ရွက်လျက်ရှိသည့် နည်းစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကဆေးဝါးစက်ရုံ များအား ကူညီဆောင်ရွက်ပေးနေမှုနှင့် ပြည်ပမှ တင်သွင်းလျက်ရှိသည့် ဆေးဝါးများအား အစားထိုး နိုင်ရေးအတွက် စက်ရုံမှ ထုတ်လုပ်သွားမည့် အခြေ အနေနှင့် ပြည်တွင်း၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ် ဆေး ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

**ထုပ်ပိုးမှုပုံစံများကောင်းမွန်ရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးထုတ်လုပ်မှုနှင့် ပတ်သက်၍ မြန်မာ့ဆေးဝါး စက်ရုံ (အင်းစိန်) သည် ကောင်းမွန်သည့် သမိုင်း ကြောင်းများရှိသည့် ဆေးဝါးထုတ်လုပ်ရေး စက်ရုံ ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံနှင့် ပတ်သက်သည့် သမိုင်းကြောင်းမှတ်တမ်းများအား စနစ်တကျဖြင့် ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ ဆေးဝါး ထုတ်လုပ်ရာတွင် အမြတ်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဆေးဝါးများထုတ်လုပ်ရာတွင် ဆေးများ၏ အရည် အသွေးပြည့်မီရန် လိုအပ်သကဲ့သို့ ထုပ်ပိုးမှုပုံစံများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ပြည်သူများ အမှန် တကယ် လိုအပ်သည့်ဆေးဝါးများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း။

**စက်ပစ္စည်းများအား ထပ်မံဖြည့်ဆည်း**

မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား နိုင်ငံတော်အစိုးရမှ အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် အစီ အစဉ်ရေးဆွဲ၍ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများ လုံလောက်စွာရရှိရေးနှင့် စက်ရုံမှထုတ်လုပ်သည့် ဆေးဝါးများအား ဖြန့်ဖြူးနိုင်ရေး ဈေးကွက်သုတေ သနပြု ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား သုတေသနပြုလုပ်၍ လိုအပ်သည့် ဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ စက်ရုံအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအား သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ စနစ်တကျဖြင့် ထိန်းသိမ်း ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်ပမှတင်သွင်းလျက် ရှိသည့်ဆေးဝါးများအား ဈေးကွက်သုတေသနပြုလုပ် ဆောင်ရွက်၍ ပြည်ပတင်သွင်းမှု လျှော့ချနိုင်ရေး အတွက် စက်ရုံမှ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့် စက်ပစ္စည်းများအား ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ ဆေးဝါးထုတ်လုပ်မှုဌာနအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ပြည်ပငွေ သုံးစွဲမှုကိုလျှော့ချနိုင်မည်**

ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆေးစတင်ထုတ်လုပ်နိုင်သည့် အချိန်မှ စ၍ ပြည်သူများအတွက် လိုအပ်ချက်များ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးနှင့် ဈေးနှုန်းများသည် ပြည်ပဈေးကွက်ဖြင့် ယှဉ်နိုင်ရန် လိုကြောင်း၊ အခြားအရေးကြီး ဆေးဝါးများမှအပ ပြည်ပမှ တင်သွင်းသည့်ဆေးနှင့် မိမိတို့ စက်ရုံမှ ထုတ်လုပ်သည့် အမျိုးအစားတူ အခြေခံဆေးဝါး များ၏ ဈေးနှုန်းများကို နှိုင်းယှဉ်၍ ခိုင်မာသည့် ဈေးနှုန်း၊ ဈေးကွက်အဖြစ် ရပ်တည်နေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက် များအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်၍ ပြည်ပမှ တင်သွင်းမှုကိုလျှော့ချနိုင်ပါက ပြည်ပငွေ သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**အသိအမှတ်ပြုချီးကျူး**

နိုင်ငံအတွက်အကျိုးရှိသည့် စက်ရုံဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်များအား လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ထုတ်နိုင်သည့် ဆေးဝါးများအား တိုးမြှင့်ထုတ်လုပ်သွားရန်လို ကြောင်း၊ ပြည်တွင်း ပုဂ္ဂလိက ဆေးဝါးစက်ရုံများ ကိုလည်း အားပေးကူညီမှုများ ဆောင်ရွက်ပေးသွား ရန်လိုကြောင်းဖြင့်မှာကြားပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ယခု မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) မှ ဝန်ထမ်းများအနေဖြင့် နားရက်မရှိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏ ကျန်းမာရေး အခန်းကဏ္ဍကို များစွာအထောက်အကူပြုခဲ့သည့် အတွက်လည်း အသိအမှတ်ပြု ချီးကျူးပါကြောင်းဖြင့် ပြောကြားသည်။

- ဆေးဝါးထုတ်လုပ်ရာတွင် အမြတ်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ကြရန် လို၊ ဆေးဝါးများထုတ်လုပ်ရာတွင် ဆေးများ၏ အရည်အသွေးပြည့်မီရန် လိုအပ်သကဲ့သို့ ထုပ်ပိုးမှုပုံစံများ ကောင်းမွန်ရန်လိုအပ်၊ ပြည်သူများ အမှန်တကယ် လိုအပ်သည့်ဆေးဝါးများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေး
- ပြည်ပမှတင်သွင်းလျက်ရှိသည့် ဆေးဝါးများအား ဈေးကွက်သုတေသန ပြုလုပ်ဆောင်ရွက်၍ ပြည်ပတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် စက်ရုံမှ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့် စက်ပစ္စည်းများအား ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာန၊ ပဋိဇီဝဆေးဝါး ထုတ်လုပ်ရေးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာန၊ ဆေးဝါးထုတ်လုပ်မှုဌာနတို့ အတွင်း လှည့်လည်ကြည့်ရှု၍ ကောင်းမွန်သည့် ထိန်းသိမ်းထားသိုမှု ကျင့်စဉ်နှင့်အညီ ကုန်ကြမ်း၊ ကုန်ချောနှင့် ထုပ်ပိုးပစ္စည်းများ သိုလှောင်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ရုံမှူးနှင့် တာဝန်ရှိ သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများ အတွက် ချီးမြှင့်ငွေများပေးအပ်သည်။

**ဆေးဝါး ၁၉၅ မျိုး ထုတ်လုပ်ဖြန့်ဖြူးပေး**

အဆိုပါ မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်) ကို ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်တည်ဆောက် ခဲ့ပြီး ၁၉၅၇ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် တည်ဆောက် ပြီးစီးခဲ့ကာ ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် စက်ရုံ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူပေးခဲ့ပြီး စက်ရုံတည်ဆောက် ပြီးစီးခဲ့သည့် ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဟောင်း ဦးဝင်းမောင် ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော်မှ လိုအပ်သည့် ဆေးဝါးများကို ထုတ်လုပ် ပေးနိုင်ခဲ့သည့် သမိုင်းမှတ်တမ်းကောင်းရှိသည့် ဆေးဝါးစက်ရုံကြီးတစ်ခုဖြစ်ပြီး လက်ရှိတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO Guidelines အတိုင်း တိကျစွာလိုက်နာကာ ပြည်သူများအတွက် အရည် အသွေး ကောင်းမွန်ယုံကြည်စိတ်ချရသည့် ဆေးဝါး အမယ်ပေါင်း ၁၉၅ မျိုးကို ထုတ်လုပ်ဖြန့်ဖြူးပေး လျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ ကျန်းမာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍရှိ ကုမ္ပဏီ/လုပ်ငန်းများအား ချေးငွေထုတ်ပေးမည့် အစီအစဉ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

**ဆွေးနွေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍရှိ ကုမ္ပဏီ/လုပ်ငန်းများအား ချေးငွေထုတ်ပေးမည့် အစီအစဉ်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာ ဆက်လက် လက်ခံနိုင်ရေးကိစ္စနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုစားရေးလုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပွင့်လင်းရာသီ၌ ရောဂါထိန်းချုပ်ရေးဗဟိုဌာန (CDC) နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးသင်တန်းကျောင်းစီမံကိန်းတည်ဆောက်မှုအရှိန်မြှင့်တင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

တရုတ်နိုင်ငံမှ အကူအညီပေးအပ်သည့် မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာန (CDC) နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးသင်တန်းကျောင်း စီမံကိန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖော်ဆောင်ပြီးနောက် စီမံကိန်းအဖွဲ့သည် ကပ်ရောဂါ ထိခိုက်မှုကို ကျော်ဖြတ်၍ ယာယီအဆောက်အအုံ တည်ဆောက်မှု၊ မြေဖို့မှုများကို လုပ်ဆောင်ပြီးဖြစ်သည်။ မိုးရာသီ ပြီးဆုံးသွားသည်နှင့်အမျှ စီမံကိန်းအဖွဲ့က တည်ဆောက်မှုအရှိန်မြှင့်တင်ပြီး ဆောက်လုပ်လျက်ရှိသည်။





အဆိုပါ စီမံကိန်းသည် မြေဧရိယာ စတုရန်းမီတာ ရှစ်သောင်းရှိပြီး အဆောက်အအုံဧရိယာသည် စတုရန်းမီတာ တစ်သောင်းရှစ်ထောင်ရှိကာ CDC အဆောင်၊ လေ့ကျင့်ရေးသင်တန်းကျောင်းအဆောင်၊ အုပ်ချုပ်ရေးရုံးအဆောင်၊ ပြင်ပဆောက်လုပ်ရေးလုပ်ငန်းတို့ပါဝင်ပြီး လက်တွေ့စမ်းသပ်ခန်း စက်ပစ္စည်းများတွဲဖက်တပ်ဆင်ထားကာ မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဇီဝဘေးကင်းမှု အဆင့်သုံး (P3) လက်တွေ့စမ်းသပ်ခန်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai က နိုဝင်ဘာ ၁၀ ရက်တွင် နေပြည်တော်သို့ သွားရောက်လေ့လာခဲ့သည်။

စက်ပစ္စည်းများ အပြင် တရုတ်နိုင်ငံက နှစ်နှစ်တာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုပေးပြီး မြန်မာနိုင်ငံအတွက် ကျန်းမာရေး ဝန်ထမ်းနှင့် နည်းပညာဝန်ထမ်းများ လေ့ကျင့်မွေးထုတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

CDC စီမံကိန်း ဖော်ဆောင်ပြီးစီးပြီးနောက် ကပ်ရောဂါကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ သိပ္ပံသုတေသနနှင့် လူ့ရည်ချွန် မွေးထုတ်ရေး စသည့် အပိုင်းများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကာ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြယုဂ်အသစ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

**ခင်ရတနာ**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ် ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြောက်ဖျားစွန်းအရပ်၏ အိပ်မက်များကိုနိုးထစေသော ဖွံ့ဖြိုးရေးတံတိုင်းများ (၁)

ဝ ထ က လ သ (နတလ)

မြန်မာနိုင်ငံ၏ မြောက်ဖျားစွန်းအရပ်၌ အရှေ့တောင်အာရှ၏ အမြင့်မားဆုံးတောင်ဖြစ်သော "ခါကာဘိုရာဇီတောင်" တည်ရှိ၏။ အမြင့် ၅၈၈၁ မီတာ (၁၉၂၉၆ ပေ) မြင့်မားပါသည်။

ထူထပ်သောမိုးသစ်တောများ၊ မတ်စောက်သောတောင်တန်းများ၊ နက်ရှိုင်းသည့် တောင်ကြားချိုင့်ဝှမ်းများ လွှမ်းခြုံလျက်ရှိကြပြီး မိုးထိလုမတတ် မြင့်မားနေသော တောင်ချွန်းများ၌ ဆီးနှင်းတို့ဖြင့် အစဉ်ဖုံးလွှမ်းနေသော အရပ်လည်းဖြစ်ပေသည်။ တစ်ဖန်မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရေခဲတောင်ဒေသလည်း ဖြစ်ပါသည်။



ပူတာအိုလွင်ပြင်မှ မြင်တွေ့ရသော ခါကာဘိုရာဇီ၏ အလှ

### မြန်မာနိုင်ငံ၏ ငယ်ထိပ်ကျေးရွာ

ထိုဒေသသည် မြန်မာနိုင်ငံ မြောက်ဘက်အစွန်ဆုံးဖြစ်သော နောင်မွန် (Nogmung) မြို့နယ်အတွင်းရှိနေပြီး မြို့နယ်၏မြောက်ဘက်အဆုံးတွင် ဒဟွန်ဒမ်း (Ta hawn dam) ကျေးရွာတည်ရှိပါသည်။ ထိုကျေးရွာကို "Beyond the last village" မြန်မာနိုင်ငံ၏ ငယ်ထိပ်ကျေးရွာ (သို့မဟုတ်) နောက်ဆုံးကျေးရွာဟု အမှတ်သညာပြုကြလေသည်။ ဒဟွန်ဒမ်းကျေးရွာကား ရေခဲတောင်များ၏ အခြေတွင် တည်ရှိနေပြီး ခါကာဘိုရာဇီတောင်တက်မည်ဆိုပါက မဖြစ်မနေ ညအိပ်အခြေပြုရမည့် ရွာလေးပင် ဖြစ်ပေသည်။

ဤ ဒဟွန်ဒမ်းမှ အရှေ့ဘက်သို့ သုံးရက်ခန့် လမ်းလျှောက်ခရီးအကွာတွင် တရုတ်- မြန်မာနယ်စပ် နယ်ခြားမှတ်တိုင် ၄၃၊ ၄၄၊ ၄၅ တို့ တည်ရှိ၏။

ယင်းဒဟွန်ဒမ်းမှ တောင်ဘက်သို့ ၁၁ မိုင်ခန့် ဆင်းလျှင် ထလာထု(Hta lar htu) ကျေးရွာ၊ ထိုထလာထုမှ တဆူထု- ဒဇွန်ဒမ်း (Ta shu htu- Ta zung dam ) လမ်းဆုံအထိ ၁၀ မိုင် ကွာဝေးပါသည်။ အိန္ဒိယနယ်စပ်၊ အိန္ဒိယ – မြန်မာနယ်ခြား မှတ်တိုင် ၄၆ နှင့် ၄၇ တို့ ရှိပါသည်။

> ◆ ဖွံ့ဖြိုးရေးရထားကြီး၏ အင်အားအပြည့်ဖြင့် ခုတ်မောင်းသံများသည် ဒေသခံတို့ကို အိပ်မက်ဘူတာမှ လှုပ်ခတ် နိုးထစေခဲ့
>
> ◆ တိုင်းရင်းသားအားလုံး၏ ဇာတိမြေဖြစ်ပြီး ချစ်မြတ်နိုးတန်ဖိုးထား ရပ်တည်နေထိုင်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်နိမိတ်ဧရိယာသည် ၂၆၁၂၂၈ စတုရန်းမိုင်ရှိ

ယင်းလမ်းဆုံမှ တောင်ဘက်ဆက်ဆင်းလျှင် ဆန်ခူးချောင်းဆုံနှင့် တဆူ ချောင်းဆုံနားက လွင်ပြင်ရှိ တဆူထုရွာအဝင်တွင် အလယ်တန်းကျောင်းတစ်ကျောင်းရှိရာ ထိုကျောင်းမှာ မြန်မာ့မြောက်ဖျားဆုံး အလယ်တန်းကျောင်းဟု ဆိုရပါမည်။ "ထု" ဆိုသည်မှာ ရဝမ် ဘာသာဖြင့် "ချောင်းဆုံ"ဖြစ်ပါသည်။ တဆူထုမှ ဒဇွန်ဒမ်းသို့ ၁၁ မိုင်ခန့် သွားရသေး၏။

ဒဇွန်ဒမ်းရွာသည် လမ်းဆုံဖြစ်ပါသည်။

ယင်းလမ်းဆုံမှ အနောက်ဘက်သို့လမ်းခွဲလျှင် ထအွန်းဒမ်း(Ta awn dam)၊ ဆန်ဒမ်း(ဂူးဘား) Sandam(Guubar)–မဒိမ်ကျေးရွာ(Madin)ရောက်သည်အထိ ၁၀ မိုင်ခွဲခန့် ကွာဝေး၏။

ယင်း မဒိမ်(Madin)မှ နှစ်ညအိပ်ခရီးအကွာတွင် ၁၂ မိုင်ခန့်အကွာရှိ ဂဝိုင်ကျေးရွာ(Ga wai)သို့ ရောက်၏။

ဂဝိုင်မှဆက်ပြီး ငွါဝါရွာ(Nga wah)အထိ ၁၅ မိုင် လမ်းလျှောက်ရပြန်၏။

ပန်နန်းဒင်(Pang nam dim) သို့နီးလေပြီ။

ပန်နန်းဒင်မြို့နှင့် ထို ငွါဝါကျေးရွာသည် ၁၅ မိုင် ကွာဝေး၏။

ဆိုရသော် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးဖြစ်သော ပန်နန်းဒင်မြို့မှ ငွါဝါ–ဂဝိုင်၊ ဒဇွန်ဒမ်းကိုဖြတ်လျက် မြန်မာနိုင်ငံ၏ ထိပ်ဆုံးကျေးရွာ ဒဟွန်ဒမ်းအထိ ၆၃ မိုင်ခရီး ကွာဝေးပါသည်။

ဤခရီးသည် ယခင်က ၁၄ ရက်ကြာခြေကျင်ခရီးကြမ်းဖြစ်ပါ၏။

ယခုအခါတွင်မူ ပန်နန်းဒင် – ဒဟွန်ဒမ်း လမ်းထက်ဝက်ရှိ ငွါဝါကျေးရွာအထိ ဆိုင်ကယ်လမ်း ပေါက်ခဲ့ပေပြီ။

### ငါးရက်ခရီးဖြင့် ရောက်နိုင်ခဲ့

နိုင်ငံတော်မှဖောက်လုပ်ပေးနိုင်ခဲ့သော ဖွံ့ဖြိုးရေးလမ်းကြောင့် ပန်နန်းဒင်မှ ငွါဝါ၊ ယင်း "ငွါဝါ ကျေးရွာမှ မေခမြစ်ကမ်းဘေးရှိ ရဝမ်တိုင်းရင်းသားကျေးရွာငယ်လေးများအား ဖြတ်သန်းလျက် မြန်မာနိုင်ငံ၏ထိပ်ဆုံးရွာသို့ ငါးရက်ခရီးဖြင့် ရောက်နိုင်ခဲ့ပေပြီ။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ပန်နန်းဒင်မှ ဒဟွန်ဒမ်းအထိ ၂၃ ပေအကျယ် လမ်းဖောက်လုပ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ နောင်တွင် ဤ ၆၃ မိုင် ခရီးကြမ်းအား နေ့ချင်းပေါက် ရောက်နိုင်ပေတော့မည်။

ဖွံ့ဖြိုးရေးရထားကြီး၏ အင်အားအပြည့်ဖြင့် ခုတ်မောင်းသံများသည် ဒေသခံတို့ကို အိပ်မက်ဘူတာမှ လှုပ်ခတ် နိုးထစေခဲ့ပြီ။

တိုင်းရင်းသားအားလုံး၏ ဇာတိမြေဖြစ်ပြီး ချစ်မြတ်နိုးတန်ဖိုးထား ရပ်တည်နေထိုင်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်နိမိတ်ဧရိယာသည် ၂၆၁၂၂၈ စတုရန်းမိုင်ရှိပါသည်။ အိန္ဒိယနိုင်ငံနှင့် မိုင် ၁၁၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၆၉ မိုင်၊ တရုတ်နိုင်ငံနှင့် ၁၃၈၄ မိုင် ၊ လာအိုနိုင်ငံနှင့် ၁၄၉ မိုင် ၊ ထိုင်းနိုင်ငံနှင့် ၁၃၁၈ မိုင် စုစုပေါင်း ၄၁၂၀ မိုင်ခန့် နယ်နိမိတ်ချင်းထိစပ်နေပေ၏။

### ယဉ်ကျေးမှု ဓလေ့စရိုက်များဆက်နွှယ်

ထိစပ်နယ်နိမိတ်များအား သဘာဝတောင်တန်းကြီးများ၊ တောင်ကုန်းများနှင့် မြစ်၊ ချောင်းများဖြင့် ပိုင်းခြားထားပါသည်။ တစ်နည်းအားဖြင့် ပိုင်နက်မြေ၊ ပိုင်နက်ရေချင်း ထိစပ်နေကြ၏။ နယ်မြေချင်းထိစပ်နေသဖြင့် အယူအဆ၊ ယဉ်ကျေးမှု ဓလေ့စရိုက်များ ဆက်နွှယ်မှုရှိကြ၏၊ နယ်ခြားမှတ်တိုင်များ စိုက်ထူထားပြီး နယ်စပ်ပြဿနာများ ကြီးကြီးမားမား မဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်၏ လုံခြုံရေးအတွက် နိုင်ငံသားတိုင်းလည်း အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် အစဉ်နိုးကြားနေကြရန် လိုအပ်လှပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတော်၏ ဘေးကင်းလုံခြုံရေးအတွက် တံတိုင်းကြီး လေးခုဖြင့် တံတိုင်းအဆင့်ဆင့် ကာကွယ်ထားနိုင်မှသာ လုံခြုံနိုင်မည်ဖြစ်ပါသည်-

တံတိုင်းကြီး လေးခုမှာ-

(က) ကာကွယ်ရေးတံတိုင်း

(ခ ) နယ်စပ်ဒေသဖွံ့ဖြိုးရေးတံတိုင်း

(ဂ ) တရားဥပဒေစိုးမိုးရေးတံတိုင်း

(ဃ) ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်တူညီခိုင်မာစေသည့် "ယဉ်ကျေးမှုတံတိုင်း" တို့ပင်ဖြစ်ပါသည်။

### နှစ်ပေါင်း ၃၂ နှစ် ကျော်ခဲ့လေပြီ

နယ်စပ်ရေးရာဝန်ကြီးဌာနသည် "နယ်စပ်ဒေသဖွံ့ဖြိုးရေးတံတိုင်းကြီး" ခိုင်ခံ့မြဲမြံမှုရှိအောင် နယ်စပ်ဒေသ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့သည်မှာ ၁၉၈၉ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၃၂ နှစ် ကျော်ခဲ့လေပြီ။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ"** ဖွဲ့စည်းခဲ့ပြီးနောက် ယခင်ဖွဲ့စည်းခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အစား

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**“နယ်စပ်ရေးရာဝန်ကြီးဌာန”**ဟု ပြင်ဆင်ဖွဲ့စည်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၏ တံတိုင်းတစ်ခုသဖွယ် ဖြစ်စေရေး အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ပြည်ထောင်စုတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်နယ်များ၏ တိုးတက်မှုကို အခြေခံပါသည်။ ထို့ကြောင့် ပြည်မနှင့် ပြည်နယ်များ၏ဖွံ့ဖြိုးမှုများသည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ မြဲမြဲခိုင်ခိုင် ချိတ်ဆက်နေကြရန် အထူးလိုအပ်လှပါသည်။

မြင့်မားဝေသီလှသော တောင်တန်း တောင်ထွတ်များ၊ မတ်စောက်နက်ရှိုင်းသော လျှိုမြောင်ကြီးငယ်များ၊ ညို့မှိုင်းထူထပ်နေသော သစ်တောကြီးငယ်များ၊ အေးမြကြည်လင်၍ တသွင်သွင်စီးဆင်းနေသော မြစ်ချောင်းစိမ့်စမ်းများနှင့် ရေတံခွန်အသွယ်သွယ်၊ ကျယ်ပြန့်သော အင်းအိုင်ကြီးများ စသည့် သဘာဝရှုခင်းအစုံစုံတို့ဖြင့် သာယာရှုမောဖွယ်ကောင်းသော ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တည်ရှိပါသည်။

### တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်

အကျယ်အဝန်းမှာ ၃၄၃၈၁ ဒသမ ၇၄၀ စတုရန်းမိုင်ကျယ်ဝန်း၍ ပြည်နယ်အတွင်း မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်၊ မိုးညှင်းခရိုင် ဟူ၍ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာအုပ်စု ၅၉၄ အုပ်စု၊ ကျေးရွာ ၂၅၅၃ ရွာရှိပြီး တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိပါသည်။

ကချင်ပြည်နယ်တစ်ခုလုံး၏ မြေမျက်နှာပြင်မှာ ချင်းတွင်းမြစ်ဖျားခံရာ ဟူးကောင်းမြေပြန့်၊ မလိခမြစ်ဖျားခံရာ ပူတာအိုမြေပြန့်တို့မှတစ်ပါး ကျန်ဒေသတို့သည် တောင်များထူထပ်လှပေသည်။ အထူးသဖြင့် မေခနှင့် မလိခမြစ်နှစ်သွယ်စပ်ကြားရှိတြိဂံနယ်ဒေသသည် မြင့်မားလှသော တောင်တန်းကြီးများဖြစ်တည်နေပြီး လူသူအရောက်အပေါက်နည်းပါးသောဒေသဖြစ်ပါသည်။

ထိုဒေသများတွင် သယံဇာတပစ္စည်းအခြေအနေများကို သေချာစွာစူးစမ်းရှာဖွေခြင်း မပြုနိုင်သေးပေ။ အေးမြငြိမ်သက်လျက်လှပပြီး ပြုပြင်မှုမခံရသေးသည့် ရှုခင်း(Virginland)များကလည်း နေရာအပြည့်ရှိနေပြန်၏။

ဤဒေသသည် သွေးရင်းသားရင်းများ နေထိုင်ကြသည့် ပြည်ထောင်စု၏ နယ်တစ်နယ်ဖြစ်ပါလျက် အကြောင်းကြောင်းကြောင့် ပြည်မကြီးနှင့် အဆက်အသွယ်ပြတ်၍ နေရချေသည်။ တစ်ချိန်က ခရီးလမ်းကွာလှမ်း၍ လမ်းခရီးခက်ခဲလှသည်တွင် နယ်ချဲ့တို့က ပြည်မနှင့် ပြည်နယ်များကို အဆက်ပြတ်စေရန် ထပ်မံဖန်တီးထားခဲ့ကြပေသည်။ တောင်ပေါ်မှလည်း မြေပြန့်သို့ဆင်းလာခဲလှ၏။ မြေပြန့်ဒေသမှလည်း တောင်တန်းဒေသ တောခေါင်ခေါင်သို့ တက်ခဲလှ၏။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်တောက်၍ တစ်ခါတစ်ရံ တစ်ယောက်အကြောင်းတစ်ယောက် နားလည်မှုလွဲမှားလျက် ထင်ယောင်ထင်မှားကိစ္စများပေါ်သည့်အခါ ပေါ်ခဲ့ကြပေသည်။

အကြောင်းကြောင်းသော အခြေအနေတို့ကြောင့် ပြောစရာများလည်း ဖြစ်ခဲ့ပေသည်။

အင်္ဂလိပ်ခေတ်က ဤသို့သော တောင်တန်းဒေသမျိုးအတွက် နယ်ခြားအရေးပိုင် (သို့မဟုတ်) နယ်ခြား ဝန်ထောက်(နယ်စောင့်ဝန်ထောက်)အဖြစ် မျက်နှာဖြူများကိုသာ ခန့်ထားလေ့ရှိခဲ့ကြသည်။ တောင်ပေါ်နေလူမျိုးစုအား ခိုင်းကောင်းရုံ၊ အသုံးချရုံအဖြစ် ထိုပုဂ္ဂိုလ်များကပင် ပညာများသင်ပေးကာ လိုသလို ပုံသွင်းခဲ့ကြလေသည်။

ဘာသာရေးဖြင့်တစ်မျိုး၊ တောင်တန်းဒေသအုပ်ချုပ်ရေးဖြင့်တစ်ဖုံ နိုင်ငံခြားသားတို့ အမျိုးမျိုးဝင်ရောက်ခြယ်လှယ် ပုံသွင်းကြရာမှ ကြွင်းကျန်ရစ်သည့် ပြဿနာများကား မသေးလှ။



မဂွေဇ-ခေါင်လန်ဖူးလမ်းနှင့် မေခမြစ်ပေါ်ရှိ ရီဒင်းကြိုးတံတား

**“အောင်မြင်မှုတိုင်းတွင် ကြုံတွေ့ရလေ့ရှိသည့် ခက်ခဲမှု၊ ပင်ပန်းမှု၊ စိန်ခေါ်မှု၊ မမျှော်မှန်းနိုင်သော အဖြစ်အပျက်များရှိခဲ့သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာရုံးမှ တပ်မတော်သားများနှင့် ဒေသခံပြည်သူတို့၏ ညီညွတ်သော စုပေါင်းတွန်းအားကြောင့် ဒေသခံတို့၏ အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့”**

ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စသည်တို့ကို ဖွဲ့ကောင်းကောင်းဖြင့် ကြိုးစားပြုပြင်ပေးရပေလိမ့်မည်။

နောက်ကျနေပြီဟုကား မဆိုနိုင်ပေ။

### စီးပွားရေးအခြေအနေများဖွံ့ဖြိုး

ယခုအခါနိုင်ငံတော်သည်နယ်စပ်ဒေသအသီးသီးတွင် ကွန်ရက်သဖွယ် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် နယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။

နယ်စပ်ဒေသမှ ထွက်ကုန်များဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိစေ၏။

ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန်ကုန်သွယ်မှုဖြစ်ပေါ်စေ၏။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာ၏။

တိုးပွားလာသော လူဦးရေအပေါ်မူတည်၍ စီးပွားရေးလုပ်ငန်းများလည်း ကျယ်ပြန့်လာ၏။

ပြည်မဒေသများနှင့် ဆက်ဆံမှုများပြားလာသည့်အလျောက် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများ ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့မှုရှိလာ၏။

ဒေသတွင်း ကုန်ဈေးနှုန်းများ ကျဆင်းတည်ငြိမ်လာ၏။

ဒေသထုတ်ကုန် မရှိသေးသောဒေသများအဖို့ နယ်စပ်ဒေသကုန်သွယ်ရေးကို အမှီပြုသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာ၏။

အိမ်နီးချင်းနယ်နိမိတ်များနှင့် ထိစပ်နေသော နယ်စပ်မျဉ်းတစ်လျှောက် နေထိုင်သော တိုင်းရင်းသားတို့ထံ ပြည်မနှင့်ဆက်သွယ်သည့်လမ်းမကြီးများ ပေါ်ပေါက်လာခြင်းကြောင့် မိမိနိုင်ငံချစ်စိတ် ပိုမိုတိုးတက်ဖြစ်ပေါ်လာစေ၏။

ဤဒေသအတွင်း အထင်ရှားဆုံးဖြစ်လာသည့် ဖွံ့ဖြိုးရေးအသီးအပွင့်၏ပြယုဂ်မှာ မဂွေဇ- ခေါင်လန်ဖူးလမ်းပင်ဖြစ်ပါသည်။

“နယ်စပ်ရေးရာဝန်ကြီးဌာန”သည် ဒေသခံများ၏ စိတ်ဝိညာဉ်အတွေးထဲမှ “အိပ်မက်လမ်း”ဟု တင်စားခေါ်ဝေါ်ကြသည့် မဂွေဇ- ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် စတင်ခဲ့ပါသည်။ တည်ဆောက်ရေးကာလ လေးနှစ် ရှစ်လကျော်အကြာ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ခေါင်လန်ဖူးမြို့သို့ အောင်မြင်ချောမောစွာ လမ်းဖောက်လုပ်နိုင်ခဲ့ပါသည်။

အောင်မြင်မှုတိုင်းတွင် ကြုံတွေ့ရလေ့ရှိသည့် ခက်ခဲမှု၊ ပင်ပန်းမှု၊ စိန်ခေါ်မှု၊ မမျှော်မှန်းနိုင်သော အဖြစ်အပျက်များ ရှိခဲ့သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာရုံးမှ တပ်မတော်သားများနှင့် ဒေသခံပြည်သူတို့၏ ညီညွတ်သော စုပေါင်းတွန်းအားကြောင့် ဒေသခံတို့၏ အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။

ထိုသို့ဆောင်ရွက်ရာတွင် မျက်ကန်းလမ်းလျှောက်သလို ဆင်ကန်းတောတိုး၊ စမ်းတဝါးဝါးနှင့် ငါးပွက်ရာ ငါးစာချသလို သင့်လျော်သလို ဆောင်ရွက်ခဲ့ ကြခြင်းမဟုတ်ခဲ့။ နိုင်ငံတော်အကြီးအကဲများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဦးတည်ချက်၊ ခံယူချက်၊ ယုံကြည်ချက်များအပြည့်ဖြင့် အစီအစဉ်ကျနစွာ ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

လမ်းလုပ်ငန်းကို အပိုင်းလေးပိုင်းခွဲ၍ နှစ်အလိုက် လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ပထမအပိုင်းမှာ မဂွေဇ(Magweza)မှ ငါ့လုံဒမ်း (Ngalondam) အထိ ၂၅/၄ မိုင် လမ်းအပိုင်းဖြစ်၏။ ကြမ်းတမ်းသောလမ်းအပိုင်းလည်း ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ နှင့်အထက် တောင်တန်းဒေသလည်းဖြစ်ပါသည်။ သင်ပုန်းကျောက်တောင်များ၊ ချောင်းငယ်များနှင့် ရေတံခွန်များ အလွန်ပေါများသောအပိုင်း ဖြစ်သဖြင့် မြေပြန့်ဒေသများတွင် လုပ်ငန်းဆောင်ရွက်ရသလို ပြေပြစ်လှသည်တော့ မဟုတ်ခဲ့။

### တောင်ကြီးဖဝါးအောက်

ဒုတိယအပိုင်းမှာ ငါ့လုံဒမ်းမှ လုံးတုံဘိုတဲ (Lone-tongbotae)အထိ လမ်းပိုင်းဖြစ်ပြီး ၂၅/၄ မိုင် မှ ၃၅/၄ မိုင်အထိ ၁၀ မိုင်အရှည်ရှိ၏။ ယင်းလမ်းအပိုင်းမှာလည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ မှ ပေ ၈၀၀၀ ကျော်မြင့်မားသော အပိုင်းတွင် တည်ဆောက်ရခြင်းဖြစ်ပါသည်။ “ပြန်လမ်းမရှိသောတောင်” ဟုအဓိပ္ပာယ်ရသည့် ဆန်းလွတ်ချက် (Sanloat- chatt)အမည်ရှိသော စကျင်ကျောက်တောင်သည် လေးမိုင်ခန့်အရှည်ရှိပြီး အခက်ခဲဆုံး ဖောက်လုပ်ခဲ့ရသည့် လမ်းအပိုင်းပင် ဖြစ်ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် နေ့တွင် ထိုတောင်ထိပ်ကို အောင်မြင်စွာဖြတ်သန်း ဖောက်လုပ်နိုင်ခဲ့ပါသည်။ တောင်ကြီးဖဝါးအောက် ရောက်ခဲ့ပြီပေါ့။

တတိယပိုင်းဖြစ်သော လုံးတုံဘိုတဲမှ ဆီဆုံ (Sesone)အထိ လမ်းအပိုင်းသည် ၃၅/၄ မိုင်မှ ၄၆/၀ မိုင် အထိ ၁၀/၄ မိုင်ကွာဝေးပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ အမြင့်တွင်ရှိပြီး ကျောက်ငုတ်၊ ကျောက်တောင်များ အလွန်ပေါများလှပါသည်။ တောင်နံရံများကိုဖြိုရ၏။ ကျောက်တောင်၊ ကျောက်စွယ်၊ ကျောက်ကမ်းပါးရံများကို ယမ်းဘီလူးများဖြင့် ပိုင်းဖြတ်ဖောက်ခွဲရ၏။ အန္တရာယ်များကြားက အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

နောက်ဆုံးစတုတ္ထအပိုင်းသည် ဆီဆုံမှ ခေါင်လန်ဖူးမြို့(Kaung lang phyu)အထိဖြစ်ပြီး လမ်းမိုင် ၄၆/၀ မိုင် မှ ၆၅/၄ မိုင်အထိ ၁၉/၄ မိုင် ကွာဝေးပါသည်။ ယင်းလမ်းအပိုင်းသည်လည်း ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၅၀၀၀ အမြင့်တွင်ရှိပြီး ကျောက်တောင်များ ၊ စကျင်ကျောက်စွယ် ၊ ကျောက်ငုတ်များနှင့် လျှိုမြောင်ငယ်များပေါ်များသဖြင့် ခက်ခဲပင်ပန်းစိတ်ရှည်စွာ ဖောက်လုပ်ခဲ့ကြရပါသည်။

### နှလုံးသားထဲမှပျော်ရွှင်မှု

ယခုတော့ဖြင့် ပင်ပန်းမှုမှန်သမျှ အားလုံးပြေပျောက် လန်းဆန်းခဲ့ရပေပြီ။ မျက်ရည်ခါးခါး ကျခဲ့ရသောအတိတ်တို့ကိုလွတ်မြောက်ခဲ့ပေပြီ။ ဒေသခံတို့နှင့်အတူ နှလုံးသားထဲမှပျော်ရွှင်မှု၊ ကြည်နူးမှုများကိုပျော်ရွှင်စွာ ထပ်တူခံစားနေကြရပါသည်။

ဆက်လက်၍ ပြီးစီးခဲ့သောမြေလမ်းများကို အမာခံလမ်းအဖြစ် ကျောက်ခင်းလမ်းအဆင့်မြှင့်တင်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ကျောက်ခင်းလမ်း ၁၄/၀ မိုင်၊ ၂၀၁၈-၂၀၁၉ ကျောက်ခင်းလမ်း ၁၀/၀ မိုင် ၊ ၂၀၁၉-၂၀၂၀ကျောက်ခင်းလမ်း၁၀/၀ မိုင် ၂၀၂၀-၂၀၂၁ ကျောက်ခင်းလမ်း ၁၀/၀ မိုင် ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဤလမ်းပိုင်းကို ဖောက်လုပ်ရာတွင် မြေသားလမ်း ၆၅/၄ မိုင်၊ ကျောက်ခင်းလမ်း ၄၄ မိုင်၊ Box Culvert ၁၆၅ စင်း၊ တံတားကြီး/ငယ် ၂၉ စင်းနှင့် ကျောက်စီရေမြောင်း ၁၈၉၉၅ ပေ တို့အတွက် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေမှာ ကျပ် ၁၉ ဒသမ ၉၂၈ ဘီလီယံဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

**ယခုအခါ ခေါင်လန်ဖူးမြို့အား ဘက်စုံအဆင့်မြှင့်တင်ပေးရန် တည်ဆောက်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေပေပြီ။**

ထို့အပြင် “ခေါင်လန်ဖူး”မှ တရုတ်နိုင်ငံနယ်စပ်ရှိန်းခေါင်(Shai kaung)ဒေသအထိ ၅၉ မိုင် ရှည်သော လမ်းဖောက်လုပ်ခြင်းစီမံကိန်းကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၂၂-၂၀၂၃ ခုနှစ် ဘတ်ဂျက် (သို့မဟုတ်) ၂၀၂၃-၂၀၂၄ ခုနှစ် ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

ဤစီမံကိန်းသည်လည်း ဒေသခံတို့၏ အိပ်မက်လမ်းတစ်လမ်းဖြစ်လာမည်မှာ မြေကြီးလက်ခတ် မလွဲပေတည်း။

# (၄၂) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁




**(၄၂)ကြိမ်မြောက် အာဆီယံ ဥပဒေပညာရှင်များအသင်း (42nd ALA Governing Council) အစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ အာဆီယံ ဥပဒေပညာရှင်များအသင်း(မြန်မာ) ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပြင်ဆင်ဖွဲ့စည်းခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ် စာတမ်းကို အလေးထားပြီး ပဋိညာဉ်စာတမ်းပါ တာဝန်ရှိမှုများကို လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ ရည်ရွယ်ချက်များဖြစ်သော တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးစနစ်များနှင့် ဥပဒေဆိုင်ရာ အခြေခံအဆောက်အဦများ ခိုင်မာအားကောင်းစေခြင်းကို အကောင်အထည်ဖော်ရန်အလို့ငှာ အာဆီယံဥပဒေပညာရှင်များ အသင်းသို့ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အာဆီယံ ဥပဒေပညာရှင်များအသင်း (မြန်မာ)ကိုလည်း ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

အဆိုပါ အသင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် တက္ကသိုလ်ဥပဒေပညာဌာနများမှ ပါမောက္ခများပါဝင်ကြောင်း၊ ဇွန်၁၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က ပြည်သူ့အတွက် တရားမျှတမှု မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရားလွှတ်တော်ရှေ့နေများကောင်စီ ဥပဒေကို ပြင်ဆင်ခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြောင်း ပြောကြားသည်။ ထို့ပြင် အာဆီယံအသိုက်အဝန်း တည်ဆောက်ခြင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းများကို အောင်မြင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူ လက်တွဲဆောင်ရွက်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ALAWMM နှင့် ASLOM တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၌ ဥပဒေရေးရာကိစ္စများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) များအပေါ် စိစစ်ခြင်းနှင့် ဥပဒေအကြံပေးခြင်းတို့ကို ဆောင်ရွက်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ အကြံပြုချက်ရရှိပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာန (သို့မဟုတ်) အဖွဲ့အစည်းသည် မူကြမ်းများကို အစိုးရအဖွဲ့အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်သွင်းဆွေးနွေးရကြောင်း၊ ထိုသို့တင်ပြ အတည်ပြုချက်ရယူပြီးနောက် အစိုးရအဖွဲ့အစည်းအဝေးက အတည်ပြုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီသည် မူကြမ်းအား ဥပဒေအဖြစ် ထုတ်ပြန်ကြေညာကြောင်း။

**e-commerce ဥပဒေ(မူကြမ်း) ရေးဆွဲ**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေအရာရှိ ကျင့်ဝတ်၊ မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများ၊ ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်နှင့် ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်းစာချုပ် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်တို့ကို ထုတ်ဝေထားကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ လက်လှမ်းမီစေရန် Myanmar Law Information System(MLIS) website ကို ဥပဒေရေးရာဝန်ကြီးက ၂၀၁၈ ခုနှစ်တွင် စတင်၍ တည်ထောင်ထားကြောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ အကျုံးဝင်သည့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ပြည်တွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၁ ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း၊ ၂၀၁၈ တွင် မြန်မာနိုင်ငံသည် ASEAN e-commerce agreement ကို အတည်ပြုပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် Digital Economy Road Map 2018-2025 ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး မြန်မာ e-commerce အသင်းကို ဖွဲ့စည်းခဲ့ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် e-commerce ဥပဒေ(မူကြမ်း) ကို ရေးဆွဲနေကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

(၄၂)ကြိမ်မြောက် ALA Governing Council အစည်းအဝေး၌ (၄၁)ကြိမ်မြောက် ALA Governing Council အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ALA ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးချုပ်တို့၏ သက်တမ်းတိုးမြှင့်ခြင်းအဆိုကို ဆုံးဖြတ်ခြင်း၊ ASnLI Annual Report နှင့် 2021 ASnLI Workplan 2022 တို့အား အတည်ပြုခြင်း၊ အာဆီယံနိုင်ငံများအတွင်း အနုညာတစီရင်ဆုံးဖြတ်ချက်များ အာဏာသက်ဝင်စေခြင်းဆိုင်ရာ အကောင်းဆုံးအလေ့အထများကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံဥပဒေ စာချုပ်စာတမ်းများနှင့် အကောင်အထည်ဖော်မှုကို မြှင့်တင်ဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရေးကိစ္စ၊ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း အထောက်အထားများ နှစ်နိုင်ငံ အသိအမှတ်ပြု၍ ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ခွင့်ပြုရေးဆိုင်ရာကိစ္စ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ COWIN Platform အား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စ၊ အိန္ဒိယနိုင်ငံမှ COVAXIN ကိုဗစ်-၁၉ ကာကွယ်ဆေးကို WHO မှ အရေးပေါ် အသုံးပြုရန်အတွက် အသိအမှတ်ပြုပြီးဖြစ်ပါ၍ မြန်မာနိုင်ငံမှ အသိအမှတ်ပြု ကာကွယ်ဆေးစာရင်းတွင် ထည့်သွင်းနိုင်ရေးကိစ္စ၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြင့်လည်းကောင်း၊ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုအရ လှူဒါန်းပေးထားသော ကာကွယ်ဆေးများဖြင့် လည်းကောင်း မြန်မာနိုင်ငံတွင်း National Vaccine Deployment Plan အရ ထိုးနှံပေးလျက်ရှိသည့်ကိစ္စ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များ အိန္ဒိယနိုင်ငံသို့ စေလွှတ်ပညာသင်ကြားရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံတွင် State-of-the-Art ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်တွင် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

# (၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေးများကျင်းပ

## ကုန်စည်ပို့ဆောင်ရေးကို Digital စနစ်သို့ ပြောင်းလဲအသုံးပြုရေးကိစ္စ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

**(၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်၍ ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ အဆိုပါ အစည်းအဝေးနှင့်အတူ အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် US-ASEAN Business Council (US-ABC) ဆွေးနွေးပွဲတို့ကိုလည်း တစ်ဆက်တည်းကျင်းပသည်။** (ယာပုံ)




အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် US-ABC မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

### အဖွင့်အမှာစကားပြောကြား

အဆိုပါ (၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အစည်းအဝေးအစီအစဉ်အရ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ Ministry of Public Works and Transport မှ ဝန်ကြီး H.E. Mr. SUN Chanthol က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးအစီအစဉ်များအတိုင်း ကျင်းပရာ တက်ရောက်လာသော ပို့ဆောင်ရေးဝန်ကြီးများက "အာဆီယံကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း (၂၀၁၆-၂၀၂၅) တွင် ပါဝင်သော ပို့ဆောင်ရေးကဏ္ဍအသီးသီး၏ နိုင်ငံအလိုက်နှင့် ဒေသတွင်းဆောင်ရွက်ပြီးစီးမှု၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းနှင့် ရေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ စင်ကာပူ-ကူမင်း ရထားလမ်းစီမံကိန်း၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်နှင့် အာဆီယံပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်များအပေါ် အကောင်အထည်ဖော်နိုင်မှု၊ ကုန်စည်ပို့ဆောင်ရေးကို Digital စနစ်သို့ ပြောင်းလဲအသုံးပြုရေးကိစ္စ၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများ" ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### Digital စနစ် အသုံးပြုရန် လိုအပ်လာ

ယင်းနောက် "ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အနာဂတ်တွင် ဒေသတွင်းကုန်စည်စီးဆင်းမှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် Digital စနစ်ပြောင်းလဲအသုံးပြုရေး"နှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုကာကွယ်တားဆီးရေးကို အခြားနိုင်ငံများနည်းတူ ကန့်သတ်ချက်များ ချမှတ်ဆောင်ရွက်ရသည့်အတွက် ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် Digital စနစ်မဖြစ်မနေအသုံးပြုရန် လိုအပ်လာကြောင်း ဆွေးနွေးသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိပို့ဆောင်ရေးကဏ္ဍတွင် IT အသုံးပြုမှုများ၊ ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်ခြင်း National Portal နှင့် Data Centre တည်ဆောက်ခြင်း၊ e-Government Master Plan (၂၀၂၁-၂၀၃၀) ကာလရေးဆွဲခြင်းနှင့် အမျိုးသားအဆင့် Intelligent Transport System (ITS) Master Plan ရေးဆွဲရေး စသော IT အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း ရေရှည်တည်တံ့သည့် ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် Digital စနစ်သို့ ပြောင်းလဲအသုံးပြုရာ၌ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများနှင့် US-ASEAN Business Council ဆွေးနွေးပွဲကို ကျင်းပသည်။

(၁၉) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (၁၂) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ/ ဖွံ့ဖြိုးမှုမိတ်ဖက်များ အထူးအစည်းအဝေးများကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း၏ တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဦးနှင့် ဒေါ်နန်းစန္ဒာစမ်းတို့သည် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC-The Association of Asian Constitutional Courts and Equivalent Institutions)၏ တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**




အဆိုပါ အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသည် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း(AACC)၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရုံးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကိုရီးယား သမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ဦးဆောင်ကျင်းပသည့် စာတမ်းဖတ်ပွဲဖြစ်ပြီး အဆိုပါအပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို "Constitutional Rights and AACC Members" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC) အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ တူရကီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး/ ကောင်စီ/ခုံရုံးများ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ အထွေထွေအတွင်းရေးမှူးချုပ်များ၊ ဥပဒေပညာရှင်များနှင့် ဗင်းနစ်ကော်မရှင်နှင့် စင်ကာပူနိုင်ငံ တက္ကသိုလ်တို့မှ ဥပဒေပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို အပိုင်း(၃) ပိုင်းဖြင့် ကျင်းပပြီး မြန်မာနိုင်ငံ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် "Constitutional Rights; New Challenges in Myanmar" ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးချက်တွင် မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် အခြေခံဥပဒေအရ ကုစားခွင့် အခွင့်အရေးများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသည့် ပုဂ္ဂိုလ်များ၊ မူလတရားရုံးတစ်ရုံးမှအမှုတစ်မှုကို စစ်ဆေးစီရင်ဆဲကာလအတွင်း ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိမရှိ အငြင်းပွားမှု ဖြစ်ပေါ်ပါက အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ သတ်မှတ်နည်းလမ်းများနှင့်အညီ အဆုံးအဖြတ်ရယူရန် အကြောင်းအချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ရင်ဆိုင်တွေ့ကြုံလျက်ရှိသည့် စိန်ခေါ်မှုများစသည့် အကြောင်းအရာများ ပါဝင်သည်။ ထို့အတူ အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များကလည်း စာတမ်းများ ဖတ်ကြားခဲ့ပြီး အသိအမြင် အတွေ့အကြုံ ဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

# မူးယစ်အန္တရာယ် အားကစားဖြင့် တားဆီးကာကွယ်

**စာချစ်သူ**

ဆယ်ကျော်သက်အရွယ် လူငယ်လေးနှစ်ဦး။ သူတို့နှစ်ဦးကို ပြည်သူ့ကုန်တိုက် (၁)က ရောင်းချပေးသော ၁၆ ကျပ် ပြား ၄၀ တန် ဒဗလျူဘောလုံးလေး တစ်လုံးနှင့်အတူ မကြာခဏ တွေ့ရတတ်သည်။ ဘောလုံးသာ ကန်ရမည်ဆိုလျှင်ဖြင့် မိုးရွာရွာ၊ နေပူပူ ဘယ်အချိန်ဖြစ်ဖြစ် သူတို့နှစ်ဦးက အမြဲအဆင်သင့်။ ကျောင်းပိတ်ရက်များဆို မိုးမလင်းခင်ကတည်းက ဘောလုံးလေးပိုက်ပြီး ထွက်လာကြသည်။ ပြီးတော့ ဘောလုံးကန်ဖော်ကန်ဖက် သူငယ်ချင်းများကို အိမ်ပေါက်စေ့လိုက်ခေါ်သည်။

သူတို့နှစ်ဦးထဲက တစ်ဦးကို ရပ်ကွက်ထဲက လူကြီးအချို့က "ဘောရှူး"ဟု ခေါ်ကြသည်။ ထိုသို့ ခေါ်ရလောက်အောင်လည်း သူသည် ဘောလုံးကစားရာတွင် အနိုင်မခံ အရှုံးမပေး Fighting Spirit အပြည့်ဖြင့် ပွဲစ၊ ပွဲဆုံး အားကြိုးမာန်တက်ကစားလေ့ရှိသည်။ ထိုသို့ ဘောလုံးကို အရူးအမူးကစားတတ်သောကြောင့်လည်း လက်ကျိုးလိုက်၊ ခြေထောက်မှာ ဒဏ်ရာရလိုက်ဖြင့် ဘောလုံးကန်တိုင်း ဒဏ်ရာတစ်ခုမဟုတ်တစ်ခု ရတတ်သည်။

ကျန်တစ်ဦးကမူ ဘောလုံးအလိမ်အခေါက် ကျွမ်းကျင်သည်။ တစ်ခါတစ်ရံ အတောမသတ်နိုင်ပါက တစ်ကွင်းလုံးပတ်လိမ်တတ်သည်။ ထိုအခါ နေရာယူ Opening ဖွင့်ပေးထားသော ဘောရှူးက ပေါက်ကွဲတတ်သည်။ သို့သော် သူတို့နှစ်ဦး တိုက်စစ်မြားဦးကို ဦးဆောင်တွဲကစားလျှင် အတွဲမိ၍ ပွဲကမြိုင်တတ်သည်။ နိုင်ပွဲလည်း များသည်။

သို့ရာတွင် နောက်ပိုင်းကာလများ၌ သူ့သူငယ်ချင်းသည် ယခင်ကသို့နှယ် ဘောလုံးကို သွက်သွက်လက်လက်မကစားနိုင်တော့။ ခါးလေးကုန်းကုန်းနှင့် ကွင်းထဲလမ်းလျှောက်နေသည်။ သူနှင့် တွဲဖော်ကစားဖက် ဘောရှူးက ကွင်းထဲမှာ ဘယ်လိုပဲ ဟောက်ဟောက် သူကတော့ ကွင်းထဲမှာ ခေါင်းငိုက်စိုက်နှင့် ခါးထောက်မပျက် ရပ်လျက်ပင်။ ဘောရှူးက ပေါက်ပေါက်ဖောက်သလို တရစပ် ဆူပူအော်ဟစ်ကြိမ်းမောင်းပြီဆိုလျှင်ဖြင့် "ငါမရတော့ဘူး။ ခဏနားဦးမယ်ကွာ"ဟု ခွင့်တောင်း၍ ဂိုးတိုင်ဘေးတွင် သွားထိုင်နေတော့သည်။

နောက်ပိုင်းဘောလုံးကွင်းထဲသို့ သူအလာကျဲသွားသည်။ သို့သော် ဘောရှူးနှင့်သူက ငယ်သူငယ်ချင်းများမို့ တွဲသွားတွဲလာမပျက်ရှိစမြဲ။ ညနေခင်း တစ်နေ့ သူငယ်ချင်းနှစ်ဦး လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ သူဖွာရှိုက်နေသော ဖက်ဆေးပေါ့လိပ်က ညှော်နံ့တထောင်းထောင်းထနေသည်။ ဘောရှူးသည် ချက်ချင်းသတိပြုမိသွားလေသည်။

"မင်းဆေးပေါ့လိပ်က ညှော်လှချည်လား"

"မညှော်ပါဘူး"

သူက စပ်ဖြဲဖြဲ ရယ်ကျဲကျဲပြောသည်။

ဘောရှူးသည် အကင်းပါးသူပီပီ သာမန်ဆေးပေါ့လိပ်မဟုတ်တန်ရာဟု ရိပ်စားမိလေသည်။ ဆေးပေါ့လိပ်ကို သူဖွာရှိုက်အပြီး စားပွဲခုံပေါ် ခေတ္တတင်ထားချိန်တွင် ဘောရှူးသည် "မင်းဆေးပေါ့လိပ်က ပိုးဟပ်ချီးစော်နံတယ်၊ သွားကွာ"

သုံးလေးငါးဖွာသာ ဖွာရှိုက်ခါစ သူ့ဆေးပေါ့လိပ်လေးသည် ရေမြောင်းထဲသို့ရောက်သွားသည်။

"ဟာ . . . မင်းအတော်ယုတ်မာတဲ့ကောင်ပဲ။ ဒါကို ...ဆီက ဝယ်လာတာ၊ ရှားတယ်ကွ" သူ ဆွေ့ဆွေ့ခုန်သွားသည်။

ဘောရှူးကမူ အရှူးကွက်နင်းကာ "မသိဘူးလေကွာ"ဟုသာ ဘူးခံ၍နေသည်။ ဘောရှူး၏ မျက်နှာကား အရယ်အပြုံးတို့ဖုံးလေသော်လည်း စိတ်ထဲမှာတော့ စိတ်မကောင်းဖြစ်သွားသည်။ သူ့သူငယ်ချင်းသည် ဟိုစပ်စပ် ဒီစပ်စပ် အပေါင်းအသင်းစုံသူ



○ မြန်မာ့လူ့ဘောင်သည် ဆယ်စုနှစ်နှင့်ချီ၍ ရပ်ရွာအခြေပြု အားကစားကို ဥပေက္ခာပြုလျစ်လျူရှုခဲ့ပါ၏။ မြန်မာ့လူ့ဘောင်သည် ဒီမိုကရေစီ၊ ဒီမိုကရေစီဟူသည့် "ဒီမိုကရေစီအရေး"မှတစ်ပါး အခြားဘာမျှ အလေးမထားတော့။ ကလေးသူငယ်များအတွက် ကစားခုန်စား အားကစားလှုပ်ရှားမှုများကား နည်းပါးလာသည်။ သို့နှင့်အမျှ မူးယစ်ဆေးဝါးအန္တရာယ်က မြန်မာလူငယ်ထုကို ပို၍မြူဆွယ် လက်ယပ်ခေါ်နေသည်။

တစ်ဦးဖြစ်၍ ဆေးခြောက်ကို စမ်းသုံးရာမှ စွဲစွဲလမ်းလမ်း ကြိုက်နှစ်သက်သွားခဲ့လေပြီ။

**စိတ်ကြွရူးသွပ်ဆေးပြားအချို့ ပေါ်လာ**

၁၉၈၀ ကျော်လွန်နှစ်များအတွင်းက ဆေးခြောက်သည် လူငယ်ထုအတွင်းဝယ် အတော်ပျံ့နှံ့ခဲ့သည်။ သတင်းစာစက္ကူဖြတ်ပိုင်းလေးများဖြင့် ကျစ်ကျစ်ပါအောင်ထုပ်ပြီး လိပ်ထားသော ဆေးခြောက်ထုပ်လေးများက တစ်ထုပ်မှ ငါးကျပ်။ လူငယ်အချို့က ထိုဆေးခြောက်ထုပ်လေးများထဲမှ ဆေးခြောက်များကို ဆေးပေါ့လိပ်ထဲက ဆေးရိုးများနှင့်ပြန်လည်ရောစပ်ပြီး ပြန်လိပ်၍ သောက်တတ်ကြသည်။ နောက်ပိုင်း စိတ်ကြွရူးသွပ်ဆေးပြားအချို့ ပေါ်လာသည်။

မဟာသင်္ကြန်ကာလတစ်ရက်တွင် ဘောရှူးသည် အိမ်ရှေ့တွင် ရေတိုင်ကီတစ်လုံးချရင်း ရေပက်ကစားနေသည်။ ဘောရှူးမျှော်နေသော တစ်ချိန်က ဘောလုံးကစားဖက် ငယ်သူငယ်ချင်းက ရေပက်ချိန်အမီ ရောက်မလာသေး။ မမျှော်မှန်းထားသော အခြား ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက လမ်းကြို ဝင်ရောက်လာသည်။

"ငါ့ကို ရေတစ်ခွက်လောက်ပေးကွာ"

"ဘာလုပ်မလို့လဲ"

"ဒဗလျူ ကိုင်မလို့"

"ဘာဒဗလျူလဲ"

"ဆေးပြားကို ပြောတာ၊ သောက်ဦးမလား"

"ဘာလို့သောက်ရမှာလဲ။ မင်းဘာသာကြိုက်ရင်သောက်၊ ငါ ဒါတွေမကြိုက်ဘူး"

ကျောင်းနေဖက်သူငယ်ချင်းက တိုင်ကီထဲက ရေကို ဖလားဖြင့်ခပ်၍ စိတ်ကြွရူးသွပ်ဆေးပြားများကို ပါးစပ်ထဲ ရေနှင့်မျောချပြီး ထွက်သွားသည်။ ဘောလုံးကစားဖက် ငယ်သူငယ်ချင်းကတော့ မလာသေး။ သူသည် ယခုနောက်ပိုင်း ဆေးခြောက်သာမက အရက်ပါ သောက်စားတတ်နေပြီဖြစ်သည်။ အရက်ဆိုင်သို့များ ရောက်နေမလား။ သို့နှင့်သူတို့ ငယ်သူငယ်ချင်း နှစ်ဦးသည် တစ်စတစ်စ ဝေးကွာလာကြသည်။ ခါတိုင်းဆိုနေကျ ဘောလုံးကွင်းမှာသာမက ညနေစောင်းတိုင်း ဆုံစည်းရာ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာပင် မဆုံဖြစ်ကြတော့။

သို့သော် ငယ်စဉ်က ဘောလုံးကစားဖော်ကစားဖက် ငယ်သူငယ်ချင်းများမို့ စိတ်ချင်းကတော့ မဝေးပါ။ သံယောဇဉ်ကြိုးများက ရစ်ပတ်ချည်နှောင်ထားဆဲ။ နောက်ပိုင်း သူ ကျန်းမာရေးချို့တဲ့လာသည်။ ဆေးရုံသို့ တက်ရောက်ကုသရသည်အထိဖြစ်လာသည်။ နေမကောင်းတော့ အရက်ပြတ်သွားသည်။ ဘောရှူးက သူ့အိမ်သို့ မကြာခဏသွား၍ အားပေးသည်။ မကြာမီ သူနေပြန်ကောင်းစပြုလာသည်။ အရက်နှင့်ဆေးခြောက်ကို အခြားသူတစ်ဦး အားဝယ်ခိုင်း၍ ခိုးသောက်သည်။ ဘောရှူးက "မင်းနောက်တစ်ခါ ထပ်သောက်ရင် ငါဘယ်တော့မှမင်းဆီမလာတော့ဘူး"ဟူသည့် ယခင်က သတိပေးထားသည့်အတိုင်း သူ့ဆီမသွားတော့။

သုံးလေးလအကြာတွင် သူဆေးရုံထပ်တက်ရပြန်သည်။ ဘောရှူးက "ခွေးမြီးကောက်ကျည်တောက်စွပ်"ဟု မချိတင်ကဲရေရွတ်ပြီး မသွားဘဲ တင်းခံသည်။ တစ်နေ့တော့ အိမ်မှာသူအသည်းအသန်ဖြစ်နေသည်ဟု ကြားရသည်။ သည်တစ်ခါတော့ ဘောရှူးသည် ငယ်သံယောဇဉ်ဖြင့်မနေအားတော့။ သူ့အိမ်သို့ အပြေးကလေးရောက်သွားသည်။

"အမယ်လေး၊ သားရဲ့ ငါတို့သေပြီးမှ မင်းသေမယ်လို့ ထင်ထားခဲ့တာ။ အခုတော့ မင်းက ငါတို့ထက် အရင်သေရတယ်လို့ကွာ"

သူ့ဖခင်ဖြစ်သူ၏ မချိတင်ကဲ ငိုသံကဆီးကြို၍နေပါတော့သည်။ ဘောရှူး၏ မျက်ဝန်းမှာလည်း မျက်ရည်စတွေနှင့်။ သူကွယ်လွန်ချိန်မှာ သူ့အသက်က ၂၉ နှစ်။

နေ့လနှစ်ရက်တို့သည် တရွေ့ရွေ့ပြောင်းလဲရွေ့လျားနေသည်။ မပြောင်းလဲသည့်အရာက ဘောရှူးသည် အားလျှင် ဘောလုံးကွင်းထဲသို့ ရောက်စမြဲ။ အဖော်ကောင်းလျှင် ဘောလုံးကန်နေစမြဲ။

ထိုခေတ်ထိုအခါ ထိုအချိန်က လူငယ်ထု၏ အနာဂတ်ကို နင်းခြေဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများကား အရက်၊ ဆေးခြောက်နှင့် ပေါ်ခါစ WY ဆေးဝါးများ။ ဘိန်းဖြူကတော့ လူကုံထံအသိုက်အဝိုင်းကြားတွင်သာ ပို၍ပျံ့နှံ့ပါသည်။

**လူငယ်ထုကို ပို၍ခြိမ်းခြောက်လာ**

ပစ္စက္ခကာလတွင်မူ မူးယစ်ဆေးဝါးများသည် အမျိုးအမယ်စုံလင်လှသည်။ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဘိန်းစာရွက်၊ ဘိန်းစာမှုန့်၊ ဆေးခြောက်တို့သာမက စိတ်ကြွရူးသွပ်ဆေးပြားများကလည်း အမျိုးစုံပင်။ မူးယစ်အန္တရာယ်သည် လူငယ်ထုကို ပို၍ခြိမ်းခြောက်လာသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအိမ်စောင့်အစိုးရတာဝန်ယူသည့် ကိုးလတာကာလအတွင်း၌ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုစာရင်းအရ စုစုပေါင်း မြန်မာကျပ်ငွေတန်ဖိုး ၇၉၈ ဒသမ ၄ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာတန်ဖိုးက ၄၆၉ ဒသမ ၆ သန်း ကျော်ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အထူးသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိသည့်အရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖမ်းဆီးရမိသည့် ၅ ဒသမ ၅ သန်းကျော်ထက် ပိုမို၍ ယခု ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ၂၃ ဒသမ ၇ သန်းကျော် ဖမ်းဆီးနိုင်ခဲ့၍ ယခင်နှစ်နှင့် ယခုနှစ် ကွာခြားချက်က ၁၈ ဒသမ ၁ သန်းကျော်အထိရှိခဲ့သည်။ လူငယ်များကြား မူးယစ်ဆေးဝါးပျံ့နှံ့မှုက ပို၍မြင့်မားလာသည့်သဘောဖြစ်သည်။

တစ်နေ့က အသိမိတ်ဆွေတစ်ဦး၏ သားလေးတစ်ယောက် အပေါင်းအသင်းမှားပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို စမ်းသုံးကြည့်ရာမှ လပိုင်းခန့်အကြာတွင် လူက မျက်ကွင်းများ ညိုမည်းရုံမက ယခင်က ပြည့်ပြည့်ဖြိုးဖြိုး မျက်နှာလေးမှာလည်း

*စာမျက်နှာ ၁၁ သို့*

# ဆရာ ဆရာမများ မိမိကိုယ်ကိုထာဝရကျောင်းသားကြီးအဖြစ် သတ်မှတ်၍ အမြဲတမ်းလေ့လာသင်ယူ နိုင်ငံတွင် ပညာတတ်များ ပေါများအောင် ပြုစုပျိုးထောင်ပေး

နေပြည်တော် နိုဝင်ဘာ ၁၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူတက္ကသိုလ်နှင့် တောင်ငူပညာရေး ဒီဂရီကောလိပ်တို့၌ အသစ်ခန့်အပ်သော တက္ကသိုလ်နည်းပြ၊ သရုပ်ပြဆရာ ဆရာမသစ်လွင်များ၊ အခြေခံပညာ ဆရာ ဆရာမ သစ်လွင်များနှင့် အဆိုပါတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်ရှိ ဘွဲ့နှင်းသဘင်ခန်းမနှင့် မြတ်ပညာခန်းမတွင် တွေ့ဆုံသည်။**





တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ဆရာ ဆရာမ သစ်လွင်များ ခန့်ထားနိုင်ခြင်းအတွက် များစွာဝမ်းမြောက်ရကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်လာသည့်အလျောက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာကြရမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စီမံရေးရာကိစ္စရပ်များကို ယခုသင်တန်းတွင် လေ့လာခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်၍ ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ပြီး မည်သည့်အစိုးရတက်တက် နိုင်ငံအရေးဖြစ်သော ပညာရေးတိုးတက်အောင် ဆောင်ရွက်ရမည်မှာ ပညာရေးဝန်ထမ်း ဆရာ ဆရာမများပင် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံတော်အပေါ်သစ္စာရှိကြရမည် ဖြစ်ပါကြောင်း။

ဆရာ ဆရာမဆိုသည်မှာ မိမိကိုယ်ကို ထာဝရကျောင်းသားကြီးအဖြစ် သတ်မှတ်၍ အမြဲတမ်း လေ့လာသင်ယူနေကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင် သေသေချာချာ တတ်ကျွမ်းမှ ကျောင်းသား ကျောင်းသူများကို စာတတ်အောင် သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတွင် ပညာတတ်များ ပေါများအောင် ပြုစုပျိုးထောင် ပေးကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ မေးသမျှ မှန်မှန်ကန်ကန်ဖြေနိုင်အောင် မိမိတို့ကိုယ်တိုင် တကယ်သိအောင်၊ တကယ်တတ်အောင် လေ့လာ၍ စေတနာအပြည့်ထားကာ သင်ကြားပေးစေ လိုပါကြောင်း၊ ဆရာ ဆရာမများသည် တာဝန်ကျရာဒေသတွင် တွေ့ကြုံရသည့် တပည့်များကို ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိဘဲ သင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိအောင် ဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား ရိုးသားကြိုးစားပြီး လောကကို အလှဆင်နိုင်သူ၊ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်သူများဖြစ်အောင် ပျိုးထောင် မွေးထုတ်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာ ဆရာမများအနေဖြင့် စာများများ ဖတ်ရန် တိုက်တွန်းပြောကြားပြီး ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆရာ ဆရာမ အလုပ်သည် အလွန်မွန်မြတ်သော အလုပ်ဖြစ်ပါကြောင်း၊ အနန္တဂိုဏ်းဝင်ဆရာများ ဖြစ်သည်နှင့် အညီ အဝတ်အစား၊ အပြောအဆို၊ အနေအထိုင်ကို ဆရာ့ကျင့်ဝတ်နှင့်အညီ ပြုမူကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က တောင်ငူတက္ကသိုလ် ဖွဲ့စည်းပုံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသစ်ခန့်အပ်သည့် နည်းပြ၊ သရုပ်ပြနှင့်အခြေခံပညာ ဆရာ ဆရာမသစ်လွင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)သို့ သွားရောက်၍ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်တွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ရာထူးတိုးမြှင့်ခန့်ထားခံရသော ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံ၍ ဒီဇင်ဘာလတွင် တက္ကသိုလ်အတန်းများကို အဆင့်လိုက်စတင် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ ပါမောက္ခ/ဌာနမှူးများအနေဖြင့် ကိုယ်ချင်းစာတရားဖြင့် စီမံအုပ်ချုပ်စေလိုပါကြောင်း၊ အားလုံးသည် ပညာရေးတိုးတက်အောင် ဆောင်ရွက်နေကြသည့် လက်တွဲဖော် ပညာရေးဝန်ထမ်းများဖြစ်၍ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြစေလိုပါကြောင်း၊ တက္ကသိုလ်စာကြည့်တိုက် စာအုပ်များ၊ ပရိဘောဂများ ပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို အမှန်တကယ် အကျိုးရှိထိရောက်စွာ သုံးစွဲကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ကိုင်တွယ် သုံးစွဲတတ်အောင် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

အရိုးငေါငေါဖြစ်လာ၍ ကိုယ့်အသိတရားနှင့်ကိုယ် ကြိတ်ပုန်းဆေးဖြတ်ခဲ့ရာ အသက်အန္တရာယ်ထိခိုက်သည်အထိ ဒုက္ခတွေ့ခဲ့သည်။ မိဘများက အချိန်မီ သိရှိပြီး ဆရာဝန်နှင့် စနစ်တကျ ဆေးဖြတ်ကုသပါမှ သက်သာရာရတော့သည်။

မူးယစ်ဆေးဝါးအန္တရာယ်က ကြောက်မက်ဖွယ်ကောင်းလေစွ။ မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရသာမက မြန်မာ့လူမှုအသိုင်းအဝိုင်းကပါ တားဆီးကာကွယ်ကြရပေမည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရမည့် အကောင်းဆုံးဆေးဝါးကား အားကစားလှုပ်ရှားမှုသာ ဖြစ်ပေသည်။

ကျွန်တော်တို့ငယ်စဉ်ကမူ ကံကောင်းခဲ့ပါသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ပါသော လူမှုအသိုက်အဝန်းနှင့် အားကစားကို ဝါသနာပါပြီး လေ့လာလိုက်စားနိုင်ရန် မြေတောင်မြှောက်ပေးခဲ့သော လူမှုအသိုင်းအဝိုင်းတို့နှင့်ကံကြုံ၍ ဆုံစည်းခဲ့ရပေသည်။

မှတ်မိသေးသည်။ ကျွန်တော်တို့ ခြောက်နှစ်၊ ခုနစ်နှစ်မူလတန်းကျောင်းသားအရွယ်တွင် ရပ်ကွက်ထဲက လူကြီးတစ်ဦးသည် ရပ်ကွက်ထဲရှိ ကလေးငယ်များကို ကျောင်းပိတ်ရက်များတွင် စုစည်း၍ ဘောလုံးပြိုင်ပွဲလေးများ ကျင်းပပေးတတ်သည်။ တစ်သင်းလျှင် အသင်းဝင် ခြောက်ဦး၊ ခုနစ်ဦးကျစီဖြင့် စုဖွဲ့၍ အသင်းဝင်ကြေးတစ်ယောက် တစ်မတ်၊ ငါးမူးကောက်ခံကာ ငွေစက္ကူများကိုကပ်၍ ဒိုင်းဆုအဖြစ် ချီးမြှင့်ပေးသည်။ အနိုင်ရဗိုလ်စွဲသည့် အသင်းသည် အဆိုပါ ငွေသားဒိုင်းဆုကတ်ပြားကလေးကို ကိုင်မြှောက်၍ ကွင်းတစ်ပတ်အောင်ပွဲခံ ပတ်ပြေးကြရသည်။

ကျွန်တော်တို့ကလေးငယ်များအတွက် အဓိကဘောလုံးပြိုင်ပွဲကတော့ ထိုခေတ် ရပ်ကွက်ပါတီကောင်စီလူကြီးများက နှစ်စဉ်မပျက် ကျင်းပပေးပါသော ၄ ပေ ၉ လက်မအောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖြစ်လေသည်။

ပြိုင်ပွဲဝင်အသင်းဝတ်စုံကို မှတ်မိပါသေးသည်။ ယခုလို ဈေးကွက်အတွင်း ပေါပေါများများတွေ့ရသော မန်ယူတို့၊ အာဆင်နယ်အသင်းတို့ လိုဂိုတံဆိပ်ပါ အားကစားဝတ်စုံ များမဟုတ်ပါ။ ကိုယ့်မှာရှိသည့် စွပ်ကျယ်လက်ပြတ်လေးများကို ခဲတံ၊ ဘောလ်ပင်တို့ဖြင့် ကျောနံပါတ်များ ကနဦး ရေးသားရသည်။ ပြီးလျှင် ကန်စွန်းရွက်များကိုထောင်းပြီး ကျောနံပါတ်များကို အရောင်တင်ဆေးခြယ်မွမ်းရပါ၏။ ကန်စွန်းရွက်အရည် ဆေးအရောင်များသည် တစ်ပွဲကန်ပြီးလျှင် ပျက်လွယ်ပျောက်လွယ်ပါ၏။ သို့ရာတွင် ကျွန်တော်တို့ နှလုံးသားထဲတွင် ယခုတိုင်မပျောက်ပျက်သည့်အရာကား ဘောလုံးအားကစားကို ချစ်မြတ်နိုးသည့် အားကစားစိတ်ဓာတ်။ ထိုအားကစားစိတ်ဓာတ်ကပင်လျှင် ကျွန်တော်တို့ကို မူးယစ်ဆေးဝါးအန္တရာယ်က တားဆီးကာကွယ်ပေးခဲ့ပါ၏။

> **❍ မူးယစ်ဆေးဝါးအန္တရာယ်က ကြောက်မက်ဖွယ်ကောင်းလေစွ။ မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရသာမက မြန်မာ့လူမှုအသိုင်းအဝိုင်းကပါ တားဆီးကာကွယ်ကြရပေမည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရမည့် အကောင်းဆုံးဆေးဝါးကား အားကစားလှုပ်ရှားမှုသာ ဖြစ်ပေသည်။**

ပစ္စက္ခမှာတော့ ရပ်ကွက်ဘောလုံးကွင်းများတွင် ကျွန်တော်တို့လို ဘောရူးလေး တချို့တလေမှအပ များသောအားဖြင့် လူသူကင်းမဲ့ခြောက်သွေ့လို့နေပါသည်။ ၄ ပေ ၉ လက်မအောက် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲလေးများဆိုလျှင် လုံးဝနီးနီး မတွေ့မမြင်ရတော့။ ထို့အတူ ကျွန်တော်တို့ငယ်စဉ်ကကဲ့သို့ ရပ်ကွက်ကွင်း ဘောလုံးပြိုင်ပွဲလေးများကို အခါအားလျော်စွာ ကမကထကျင်းပပြုလုပ်ပေးကြမည့် ရပ်မိရပ်ဖလူကြီးများလည်း မရှိကြတော့။

မြန်မာ့လူဘောင်သည် ဆယ်စုနှစ်နှင့်ချီ၍ ရပ်ရွာအခြေပြုအားကစားကို ဥပေက္ခာပြုလျစ်လျူရှုခဲ့ပါ၏။ မြန်မာ့လူဘောင်သည် ဒီမိုကရေစီ၊ ဒီမိုကရေစီဟူသည့် “ဒီမိုကရေစီအရေး”မှတစ်ပါး အခြားဘာမျှ အလေးမထားတော့။ ကလေးသူငယ်များအတွက် ကစားခုန်စား အားကစားလှုပ်ရှားမှုများကား နည်းပါးလာသည်။ သို့နှင့်အမျှ မူးယစ်ဆေးဝါး အန္တရာယ်က မြန်မာလူငယ်ထုကို ပို၍မြူဆွယ် လက်ယပ်ခေါ်နေသည်။

သို့ဖြစ်ရကား ပစ္စက္ခကာလတွင် မြန်မာကလေးသူငယ် လူငယ်လူရွယ်များ လွတ်လပ်ပေ့ါပါးစွာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့ခြင်းများ ခတ်ကစားနေကြသည့် မြင်ကွင်းများကို ကျွန်တော်မြင်တွေ့လိုပါ၏။ ။

# လူတစ်ဦးချင်း ဆီစားသုံးမှု မြင့်မားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီစားသုံးမှုပုံစံ ပြောင်းလဲကျင့်သုံးရန်လို



နေပြည်တော်  နိုဝင်ဘာ  ၁၁

**စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက လူတစ်ဦးချင်း ဆီစားသုံးမှု မြင့်မားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီစားသုံးမှုပုံစံ ပြောင်းလဲကျင့်သုံးရန် လိုအပ်လျက်ရှိပြီး တစ်ဖက်တွင်လည်း ပြည်တွင်း၌ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီအလိုက် တင်သွင်းရမည့် ပမာဏလျာထားသတ်မှတ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဝန်ကြီးဌာနမှချမှတ်ပေးသည့် မူဘောင်အတွင်းမှ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စားသုံးဆီများကို အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းပြီး ဈေးကွက်၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရေးကို စားသုံးဆီ တင်သွင်းသိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် Supply Chain တစ်လျှောက်ရှိ သက်ဆိုင်ရာ Stakeholder များအားလုံးမှ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်သင့်သည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းစဉ် တစ်လျှောက် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စားသုံးဆီ တင်သွင်းမှုကို နှစ်အလိုက် လျှော့ချခြင်း၊ ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုကို အားပေးမြှင့်တင်ခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ခြင်း၊ Consumer Pack ဖြင့် ဖြန့်ဖြူးရောင်းချခြင်းကို ဦးစားပေးဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီစားသုံးမှု အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ စားသုံးဆီတင်သွင်းသိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွက် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးH.E Mr. Saurabh Kumar အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဖွင့်လှစ်ထားသော မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၏ သင်ကြားသင်ယူမှုကိစ္စရပ်များ၊ အိုင်စီတီနယ်ပယ်တွင် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေ၊ အိန္ဒိယနိုင်ငံရှိ India Institute of Information Technology–Bangalore (IIIT–B) နှင့် တက္ကသိုလ်အချင်းချင်း ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံအတွက် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ မန္တလေးနည်းပညာတက္ကသိုလ်တွင် Remote Sensing ဌာနနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ခဝတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ခဝတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော ၁၄ ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၁၂-၁၁-၂၀၂၀ ရက်၊ နံနက် (၄) နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် (Stay at home)အစီအစဉ်တွင်အကျုံးဝင်ခြင်းမှပယ်ဖျက်လိုက်သည်-

**(က) တနင်္သာရီတိုင်းဒေသကြီး**
(၁) ထားဝယ်မြို့နယ်၊
(၂) မြိတ်မြို့နယ်။

**(ခ) ပဲခူးတိုင်းဒေသကြီး**
(၁) အုတ်တွင်းမြို့နယ်၊
(၂) ကဝမြို့နယ်၊
(၃) ဒိုက်ဦးမြို့နယ်၊
(၄) ပြည်မြို့နယ်၊
(၅) နတ်တလင်းမြို့နယ်။

**(ဂ) မကွေးတိုင်းဒေသကြီး**
(၁) ပခုက္ကူမြို့နယ်၊
(၂) စလင်းမြို့နယ်။

**(ဃ) မန္တလေးတိုင်းဒေသကြီး**
(၁) ဝမ်းတွင်းမြို့နယ်။

**(င) မွန်ပြည်နယ်**
(၁) မော်လမြိုင်မြို့နယ်၊
(၂) သံဖြူဇရပ်မြို့နယ်။

**(စ) ရန်ကုန်တိုင်းဒေသကြီး**
(၁) မှော်ဘီမြို့နယ်၊
(၂) ဒဂုံမြို့နယ်။

**(ဆ) ဧရာဝတီတိုင်းဒေသကြီး**
(၁) ကန်ကြီးထောင့်မြို့နယ်၊
(၂) ကျုံပျော်မြို့နယ်၊
(၃) သာပေါင်းမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ရသေ့တောင်မြို့နယ်၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရသေ့တောင်  နိုဝင်ဘာ  ၁၁

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်းရှိ အောင်ဗလကျေးရွာ အောင်ဗလဆည်မှ ကျေးရွာငါးရွာဖြစ်ကြသည့် သာစည်၊ တန်အေး၊ ဆင်ပိုက်၊ အောင်ဗလ၊ ဒုံးဗိုက်၊ ကျေးရွာများသို့ ရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်များ တည်ဆောက်ကာ ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝေ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးနှင့် ဝန်ထမ်းများ ယမန်နေ့နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး**

(ပြန်/ဆက်)

# ဒေသတွင်းနိုင်ငံများကို အာဖဂန်နစ္စတန်အကျပ်အတည်း ဝိုင်းဝန်းဖြေရှင်းပေးရန် အီရန် တိုက်တွန်း

တီဟီရန် နိုဝင်ဘာ ၁၁

**အီရန်ထိပ်တန်းအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အလီရှမ်ခါနီက အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအား အာဖဂန်နိုင်ငံအတွင်း ဖြစ်ပွားနေသော အကျပ်အတည်းများကို ဝိုင်းဝန်းဖြေရှင်းပေးရန် နိုဝင်ဘာ ၁၀ ရက်က တိုက်တွန်းလိုက်ကြောင်း Press ရုပ်မြင်သံကြားတွင် သတင်းဖော်ပြခဲ့သည်။**




အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ကျင်းပသော အာဖဂန်နစ္စတန်ဆိုင်ရာ ဒေသတွင်းလုံခြုံရေး ဆွေးနွေးဖက်စကားဝိုင်းသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ကူညီဖြေရှင်းရန် အီရန်နိုင်ငံသည် ဖြစ်နိုင်သည့် ထောက်ပံ့မှုများကို ထောက်ပံ့ရန် အဆင်သင့်ဖြစ်နေကြောင်း ရှမ်ခါနီက အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ကျင်းပပြုလုပ်သော အာဖဂန်နစ္စတန်ဆိုင်ရာ ဒေသတွင်း လုံခြုံရေးဆွေးနွေးဖက်စကားဝိုင်းတွင် ပြောကြားခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပြင် အာဖဂန်နစ္စတန်အိမ်နီးချင်းများသည် ဆယ်စုနှစ်နှစ်စုကျော် နိုင်ငံတွင်း ကျူးကျော်မှုများကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကို ကိုယ့်တာဝန်ကိုယ်ယူရန် ဆက်လက် အားထုတ်ကြိုးပမ်းသင့်ကြောင်း ၎င်းကပြောသည်။

အာဖဂန်နိုင်ငံတွင်းရှိသည့် လူမျိုးစုများအားလုံးအတွက် နေရာထိုင်ခင်းပေးနိုင်ရေးအတွက်လည်း လုပ်ဆောင်ဖို့လိုကြောင်း ၎င်းက ဆက်လက်တိုက်တွန်းပြောကြားထားသည်။

အကြမ်းဖက်အုပ်စုများရှိနေခြင်းနှင့် ဂိုဏ်းဂဏကွဲများ၏ အန္တရာယ်က အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် တခြားဒေသတွင်း နိုင်ငံများကို ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်းက သတိပေးထားသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခဲ့သော်လည်း သေဆုံးသတင်းဖော်ပြခြင်းမရှိသေး

**ဂျကာတာ နိုဝင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် အနောက်ပါပူအာပြည်နယ်တွင် နိုဝင်ဘာ ၁၁ ရက် အစောပိုင်းက အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့သော်လည်း ကနဦး ပျက်စီးသေဆုံးသည့် သတင်းထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း မိုးလေဝသဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငလျင်လှုပ်မှုကြောင့် ဆူနာမီဖြစ်မည်မဟုတ်ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ငလျင်သည် ဒေသစံတော်ချိန် ၁၂ နာရီ ၄၆ မိနစ်တွင် ကိုင်မာနာ အရှေ့တောင်ပိုင်း ၁၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပင်လယ်ရေအောက်အနက် ၁၄ ကီလိုမီတာတွင် လှုပ်ခဲ့ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။

ငလျင်လှုပ်မှုကို သိပ်မခံစားလိုက်ရကြောင်း ယင်း အေဂျင်စီက ဆက်လက်ဖော်ပြသည်။

အနောက် ပါပူအာပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီ အရေးပေါ်ယူနစ်မှ အရာရှိတစ်ဦးဖြစ်သူ အဂူဆိုင်ဖူက ငလျင်လှုပ်မှုကို ကောင်းစွာ မခံစားလိုက်ရကြောင်း ပြောသည်။

ယခုအချိန်အထိ အဆောက်အအုံ သို့မဟုတ် အိမ်များ ပျက်စီးသွားသည့်သတင်း သို့မဟုတ် ဒဏ်ရာရရှိ၊ သေဆုံးသတင်းဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**




အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် လှုပ်ခဲ့သည့် ငလျင်တစ်ခုကို ဖော်ပြသော ပုံတစ်ပုံကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၄၀၁၆၇၀ အထိ ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၁**

အိန္ဒိယနိုင်ငံတွင် နိုဝင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၀၉၁ ဦး ရှိလာသောကြောင့် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူစုစုပေါင်း ၃၄၄၀၁၆၇၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၄၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၆၂၈၉ ဦးအထိ ရှိလာခဲ့သည်။

တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ဖြစ်သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၃၈၅၅၆ ဦး အထိ ရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၂၇ ဦး ကျဆင်းလျော့နည်းခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၈၀၀၈၂၅ ဦးရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် နိုဝင်ဘာ ၁၁ ရက်က ဆေးရုံမှ ဆင်းလာသူ ၁၃၈၇၈ ဦးရှိသည်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားနေချိန်တွင် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ကွာရန်တင်းကင်းလွတ်ခရီးသွားလာခြင်းကို စတင်ဖွင့်လှစ်ရန် ဩစတြေးလျစီစဉ်



ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်

**ကင်ဘာရာ နိုဝင်ဘာ ၁၁**

ဩစတြေးလျနိုင်ငံသည် ကမ္ဘာကြီးသို့ တဖြည်းဖြည်း ပြန်လည်လမ်းဖွင့်လာမှုနှင့်အတူ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် ခရီးသွားအစီအစဉ်တစ်ခုကို စတင်ရန် စီစဉ်လိုက်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားခဲ့သည်။

၁၈ လကျော်ကြာ ရပ်ဆိုင်းခဲ့ပြီးနောက် ဩစတြေးလျနှင့် အာရှနှစ်နိုင်ငံကြား ကွာရန်တင်းကင်းလွတ်ခရီးသွားလာခြင်းကို မကြာမီပြန်လည်စတင်တော့မည်ဖြစ်ကြောင်း ဗစ်တိုးရီးယားကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကို မော်ရစ်ဆင်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

တနလ်ာနေ့မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသူ ဩစတြေးလျနိုင်ငံသားများသည် စင်ကာပူနိုင်ငံသို့ ကွာရန်တင်းမလိုဘဲ သွားလာနိုင်မည်ဖြစ်သည်။

နိုဝင်ဘာ ၂၁ ရက်မှစကာ ဩစတြေးလျနိုင်ငံ၏ နယ်စပ်များကိုလည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။ စင်ကာပူနိုင်ငံမှ ခရီးသွားများသည် ကင်ဘာရာ၊ မဲလ်ဘုန်းနှင့် ဆစ်ဒနီသို့ ပျံသန်းသွားလာရာတွင် ကွာရန်တင်းဝင်စရာမလိုကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ထို့နောက် မကြာမီ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့လည်း လျင်လျင်မြန်မြန် ဖွင့်လှစ်မည်ဖြစ်ပြီး ယခုနှစ်မကုန်မီတွင် ယခုထက်ပိုမိုဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း မော်ရစ်ဆင်က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားလိုက်သည်။ ထို့အပြင် မကြာမီ နိုင်ငံတကာကျောင်းသားများနှင့် ကျွမ်းကျင်အလုပ်သမားများကိုလည်း ဩစတြေးလျနိုင်ငံသို့ ကွာရန်တင်းမလိုဘဲ ပြန်လည်လာရောက်နိုင်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်မကုန်ခင် ကျောင်းသားတွေ ပြန်လာလိမ့်မည်ဟု မော်ရစ်ဆင်က ပြောသည်။ ကိုဗစ်-၁၉ တတိယလှိုင်းကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်နေချိန်၌ ကြာသပတေးနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၁၅၀၀ ကျော်ရှိပြီး ငါးဦးထပ်မံသေဆုံးခဲ့သည်။ နိုဝင်ဘာ ၁၀ ရက်အထိ အသက် ၁၆ နှစ်နှင့်အထက် ဩစတြေးလျနိုင်ငံသား ၈၉ ဒသမ ၇ ရာခိုင်နှုန်း အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကာ ၈၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၁၁၂၄၈ ဦးအထိရှိလာ

**မနီလာ နိုဝင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၇၄ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၁၁၂၄၈ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၄၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူပေါင်း ၄၄၈၆၆ ဦးအထိ ရှိလာခဲ့သည်။

ဒယ်လ်တာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲကြောင့် တတိယလှိုင်း ကူးစက်မှုဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၃၀၃ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၁ သန်း ကျော် ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ပဉ္စမအကြော့ ပြန်ဖြစ်ပွားမှုနဲ့အတူ ဆောင်းတွင်းမှာဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေကို သတိထားကာကွယ်ကြရဦးမယ့် ပြင်သစ်

*လင်းဟန်သစ်*



ပြင်သစ်နိုင်ငံတောင်ပိုင်း နိစ်မြို့ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေရာတွင် ကာကွယ်ဆေးထိုးရန်တန်းစီနေသော လူတန်းကြီးကိုတွေ့ရစဉ်။

အခုဆိုရင် ပြင်သစ်နိုင်ငံဟာ ကိုဗစ်-၁၉ ပဉ္စမအကြော့ရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံစားနေရတဲ့အတွက် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ကိုဗစ်-၁၉ ဆောင်ရွက်ချက်တွေကို ဖြေလျှော့ပေးဖို့ ရွှေ့ဆိုင်းလိုက်ပါတယ်။

**ပိုပြီးအာရုံစိုက်ရမယ်**

ကိုဗစ်-၁၉ ကပ်ရောဂါက မပြီးဆုံးသေးဘူးလို့ နိုင်ငံကို ပြောလိုက်တဲ့ သူ့ရဲ့မိန့်ခွန်းမှာ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ တခြားဆောင်းတွင်းမှာ ကူးစက်ဖြစ်ပွားနိုင်တဲ့ ရောဂါတွေကို ခုခံကာကွယ်နိုင်ဖို့ ပိုပြီး အာရုံစိုက်ရတော့မယ်လို့ မက်ခရွန်က ပြောပါတယ်။ မိမိတို့အနေနဲ့ မိမိတို့ရဲ့ ဆောင်ရွက်ချက်တွေကို အနည်းငယ်ဖြေလျှော့ထားပါတယ်။ သို့သော်လည်း ဒါကပုံမှန်ပဲဖြစ်ပါတယ်။ အခုတော့ ဒီလိုမရတော့ပါဘူး။ မိမိတို့အနေနဲ့ နောက်တစ်ကြိမ်ပြန်လည်ပြီး အရှိန်အဟုန်ပြန်လည်မြှင့်တင်ရပါတော့မယ်လို့ သူကပြောပါတယ်။

**အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုတွေ လုပ်ထားရမယ်**

ကျန်းမာရေးကင်းလွတ်မှုဆိုင်ရာ ထိန်းချုပ်မှုတွေကို လေဆိပ်တွေ၊ ဆိပ်ကမ်းတွေ၊ ဘူတာရုံတွေ အပါအဝင် စိုးရိမ်ဖွယ်အခြေအနေလို့ ယူဆရမယ့် အဆောက်အအုံတွေမှာ အသေအချာပြန်လုပ်ရတော့မယ်လို့ မက်ခရွန်က ဆက်ပြောပါတယ်။

ဒါ့အပြင် အသက် ၆၅ နှစ်နဲ့ အထက်တွေနဲ့ အားအနည်းဆုံးသူတွေကို ဒီဇင်ဘာ ၁၅ ရက်ကစပြီး ကျန်းမာရေးကင်းလွတ်ခွင့် သက်သေအထောက်အထားပြနိုင်ဖို့ အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုတွေ လုပ်ထားရလိမ့်မယ်လို့ ဆိုပါတယ်။

**ကာကွယ်ဆေးထိုးပြီးသူ သန်း ၁၀၀ ကျော်ရှိ**

ပြင်သစ်အစိုးရအကြီးအကဲက ပြင်သစ်နိုင်ငံရဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေးမှာ ကျန်းမာရေးကင်းလွတ်ခွင့်ရဲ့ အခန်းကဏ္ဍကို ထပ်မံအတည်ပြုပြောကြားလိုက်ပါတယ်။ လွန်ခဲ့တဲ့ ဇူလိုင်လကတည်းက အကောင်အထည်ဖော်ခဲ့တဲ့ ကျန်းမာရေးကင်းလွတ်ခွင့်နဲ့ မဟာဗျူဟာတွေကို ကျေးဇူးတင်ကြောင်းနဲ့ မိမိတို့တွေ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့တယ်လို့ သူက ထပ်လောင်းပြောကြားလိုက်ပါတယ်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ရှားမှု စတင်ချိန်ကစပြီး ပြင်သစ်နိုင်ငံမှာ ၁၀ လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ သန်း ၁၀၀ ကျော် ရှိပါတယ်။ လူဦးရေ ၅၁ သန်းကတော့ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်ပါတယ်လို့ မက်ခရွန်က ထပ်မံပြောကြားခဲ့ပါတယ်။

**အသက် ၅၀ နဲ့ ၆၄ နှစ်တွေ ဒီဇင်ဘာလမှာ အပိုဆောင်းကာကွယ်ဆေး ထိုးရမယ်**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီး ခြောက်လအကြာမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ထိုးဖို့ မက်ခရွန်က ပြည်သူတွေကို တိုက်တွန်းထားပါတယ်။ ခုခံအားနည်းခြင်းရဲ့ အဖြေကတော့ ကျွန်တော်တို့အနေနဲ့ နောက်ထပ် အပိုဆောင်းကာကွယ်ဆေးထိုးဖို့ပဲဖြစ်ပါတယ်လို့ သူက ပြောပါတယ်။

အသက် ၆၅ နှစ်နဲ့အထက်ပိုင်းတွေကို ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုတွေကို လုပ်ပေးခဲ့မှုနဲ့အတူ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လှုပ်ရှားမှုတွေကို အသက် ၅၀ နဲ့ ၆၄ နှစ်ကြားမှာရှိသူတွေကို ဒီဇင်ဘာလမှာ စတင်ပြီး လုပ်ပေးတော့မှာဖြစ်ပါတယ်။

**ကာကွယ်ဆေးမထိုးထားတဲ့သူတွေ ကာကွယ်ဆေးထိုးရမယ်**

ပြင်သစ်သမ္မတက ပုံမှန်ဘဝမျိုးဖြင့် ရှင်သန်နေထိုင်သွားဖို့ ကာကွယ်ဆေးမထိုးထားရသေးတဲ့ ပြည်သူခြောက်သန်းကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ထိုးနှံထားဖို့ တိုက်တွန်းထားပါတယ်။

ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ အလိုအပ်ဆုံးကို လုပ်ဆောင်ထားဖို့လိုကြောင်း၊ တစ်ယောက်ချင်းစီက ကိုယ်စီကိုယ်င ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ထားရင် မိမိတို့အနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ဆက်လက်ပြီး ကာကွယ်ထိန်းချုပ်သွားနိုင်မှာဖြစ်တယ်လို့ မက်ခရွန်က ပြောပါတယ်။

**အဆုံးသတ်ပွဲမလားဆိုပြီး စိုးရိမ်မှုတွေမြင့်တက်နေ**

ပြင်သစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်မှုတွေ နောက်တစ်ကြိမ် ထပ်မံမြင့်တက်လာမှုအပေါ် သတိပေးချက်တွေ ထွက်ပေါ်နေတာနဲ့အညီ ကိုဗစ်-၁၉ ပဉ္စမအကြော့ရိုက်ခတ်မှုကို ခံစားနေရတဲ့ ပြင်သစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု အဆုံးသတ်ပွဲမလားဆိုပြီး စိုးရိမ်မှုတွေလည်း မြင့်တက်နေတယ်လို့ ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က TF1 ရုပ်သံနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားထားပါတယ်။ အခြား အိမ်နီးချင်းနိုင်ငံတွေလိုပဲ ကိုဗစ်-၁၉ ရဲ့ ရေချိန်ကတော့ မြင့်တက်နေပြီလို့ ဗီရန်က ပြောပါတယ်။

နိုဝင်ဘာ ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၈၈၃ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ မှတ်တမ်းမှတ်ရာတွေအရ သိရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ ကျော်အထက် ရောက်ရှိခဲ့တဲ့ ဒုတိယနေ့ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ အောက်တိုဘာလလယ်လောက်ကတည်းက နှစ်ဆတိုးဂဏန်းတွေနဲ့ တစ်ပတ်ပြီးတစ်ပတ် မြင့်တက်လာခဲ့ပါတယ်။

**အခါတိုင်းနဲ့မတူဘဲ သတိပိုထားရမယ်**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းတွေ မြင့်တက်လာတဲ့အတွက် အသက် ၆၅ နှစ်နဲ့အထက် အသက်ကြီးသူတွေအနေနဲ့ စားသောက်ဆိုင်တို့၊ ယဉ်ကျေးမှုပွဲလမ်းသဘင်တွေကို သွားချင်လာချင်တဲ့အခါမှာ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံထားတယ်ဆိုတဲ့ သက်သေခံအချက်အလက်တွေ ပြသဖို့လိုနေပြီလို့ ပြောပါတယ်။

ပြင်သစ်နိုင်ငံမှာ ဒီအချိန်မှာကတော့ အခါတိုင်းအချိန်တွေနဲ့မတူဘဲ ပိုပြီးသတိထားရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ အန္တရာယ်ရော၊ ဆောင်းတွင်းမှာ ဖြစ်ပွားတတ်တဲ့ တခြားကူးစက်ရောဂါတွေကိုရော သတိထားပြီး ကာကွယ်ကြရဦးမှာ ဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဆင်ဟွာ**

**အသက် ၆၅ နှစ်နဲ့အထက်ပိုင်းတွေကို ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုတွေကို လုပ်ပေးခဲ့မှုနဲ့အတူ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုဆိုင်ရာ လှုပ်ရှားမှုတွေကို အသက် ၅၀ နဲ့ ၆၄ နှစ်ကြားမှာရှိသူတွေကို ဒီဇင်ဘာလမှာ စတင်ပြီး လုပ်ပေးတော့မှာဖြစ်ပါတယ်။ ပြင်သစ်သမ္မတက ပုံမှန်ဘဝမျိုးဖြင့် ရှင်သန်နေထိုင်သွားဖို့ ကာကွယ်ဆေးမထိုးထားရသေးတဲ့ ပြည်သူခြောက်သန်းကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ထိုးနှံထားဖို့ တိုက်တွန်းထားပါတယ်**

# နိုဝင်ဘာ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၅၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၈၈၂ ဦးရှိ

### (၁၁–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၂၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၉၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၃၅,၀၉၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၀,၇၂၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၄၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၂,၀၀၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၈၈၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၅၀) ခု | (၁၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၄) ခု | (၁၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၀၃) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၆) ခု | (၁၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၅) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၇၉) ခု | (၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၈၁) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၃) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၅၂၄) ခု | (၇၃၃) ဦး |
| စုစုပေါင်း | (၂၄,၂၀၅) ခု | (၉၅၄) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၆၄၇၇၄၅ | ၃၇၇၀၁၇၆၅ | ၇၈၀၂၃၆ |
| ၂။ | အိန္ဒိယ | ၃၄၄၀၁၆၇၀ | ၃၃၈၀၀၉၂၅ | ၄၆၂၁၈၉ |
| ၃။ | ဘရာဇီး | ၂၁၉၁၁၃၈၂ | ၂၁၁၁၇၄၀၇ | ၆၁၀၀၈၀ |
| ၄။ | ဗြိတိန် | ၉၄၀၆၀၀၁ | ၇၇၀၀၀၂၂ | ၁၄၂၃၈ |
| ၅။ | ရုရှား | ၈၉၅၂၄၇၂ | ၇၆၈၇၃၁၇ | ၂၅၁၆၉၁ |
| ၆။ | တူရကီ | ၈၃၁၅၄၂၄ | ၇၇၉၃၆၃၁ | ၇၂၇၁၃ |
| ၇။ | ပြင်သစ် | ၇၂၄၄၀၄၀ | ၆၉၉၀၁၅၀ | ၁၁၈၀၅၆ |
| ၈။ | အီရန် | ၆၀၁၉၉၄၇ | ၅၆၅၆၄၄၇ | ၁၂၇၈၀၉ |
| ၉။ | အာဂျင်တီးနား | ၅၃၀၀၉၈၅ | ၅၁၆၇၁၀၅ | ၁၁၆၁၈၄ |
| ၁၀။ | စပိန် | ၅၀၃၈၅၁၇ | ၄၈၈၇၂၇၈ | ၈၇၆၁၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁– ၁၁ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၉၇၅၈ | ၄၀၉၆၆၆၄ | ၁၄၃၆၀၈ |
| ဖိလစ်ပိုင် | ၂၈၁၁၂၄၈ | ၂၇၃၇၇၂၂ | ၄၄၈၆၆ |
| မလေးရှား | ၂၅၂၂၄၉၈ | ၂၄၃၀၁၂၂ | ၂၉၄၈၆ |
| ထိုင်း | ၁၉၉၆၉၆၉ | ၁၈၈၀၆၃၆ | ၁၉၈၈၃ |
| ဗီယက်နမ် | ၁၀၀၀၈၉၇ | ၈၄၅၉၄၈ | ၂၂၈၄၉ |
| မြန်မာ | ၅၁၀၇၂၅ | ၄၈၂၀၀၇ | ၁၈၈၈၂ |
| စင်ကာပူ | ၂၂၇၆၈၁ | ၂၀၀၅၉၄ | ၅၄၀ |
| ကမ္ဘောဒီးယား | ၁၁၉၃၅၈ | ၁၁၅၇၃၀ | ၂၈၅၀ |
| လာအို | ၅၀၉၇၇ | ၄၀၇၅၈ | ၉၃ |
| ဘရူနိုင်း | ၁၄၀၅၈ | ၁၃၂၃၃ | ၉၅ |

၁၁ - ၁၁ - ၂၀၂၁ ရက်နေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ

ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့မှုရာခိုင်နှုန်း **၃.၉၄ %**



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ

# အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားများ

ရန်ကုန် နိုဝင်ဘာ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ပြည်သူများအကြား မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး ကြိုးပမ်းရေးသားပြုစုခဲ့သူများအား လေးစားအသိအမှတ်ပြုသောအားဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုတို့ကို ရွေးချယ်ထုတ်ပြန်ခဲ့ရာ၌ ဆုရရှိသော စာရေးဆရာကြီးများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။**



ဒေါ်ခင်နှင်းဦ(မခြူးပွင့်)



ဘာသာပြန် (သုတ ) ရဲမင်းဝင်း

**ဒေါ်ခင်နှင်းဦ(မခြူးပွင့်)**
**ဝတ္ထုရှည်ဆု**

ကျွန်မအနေနဲ့ ဒီ "ပျောက်ဆုံးနေသောနှင်းစက်များ(သို့မဟုတ်)နှင်းစက်ပုံပြင်" ဝတ္ထုရှည်ကို လွန်ခဲ့တဲ့အနှစ် ၃၀ နီးပါးဖြစ်တဲ့ စာရေးခါစကတည်းက မဂ္ဂဇင်းမှာ ရေးခဲ့ဖူးပါတယ်။ အဲဒီနောက်ပိုင်းတခြားဝတ္ထုတွေရေးရင်းနဲ့ အဲဒီဟာကိုပဲအခြေခံပြီးရေးဖြစ်ခဲ့တာပါ။ အဓိကတော့ အရှေ့မြောက်ဒေသရဲ့ အဲဒီကာလက ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကို ရေးချင်လာတာကြောင့်လေ့လာနေရင်းနဲ့ရေးလိုက်တာလည်းဖြစ်ပါတယ်။ တကယ်တမ်းရေးချင်တဲ့ရည်ရွယ်ချက်ကို ပြောရရင်ခေတ်တစ်ခေတ်၏ နိုင်ငံရေးပဋိပက္ခများ၊ မူဝါဒရေးရာများကြားမှာ ရပ်တည်မှုပုံစံအမျိုးမျိုးနဲ့ ပါဝင်ပတ်သက်ဆက်စပ်နေတဲ့ လူတို့၏သဘောသဘာဝများ၊ ဘဝအတွေ့အကြုံများကို စာရေးသူတစ်ယောက်အနေနဲ့ စာဖတ်သူများကိုအသိပေးလိုတဲ့ဆန္ဒဖြစ်ပြီး လူတို့ဖန်တီးသော မူဝါဒထက် လူတို့၏အစွမ်းသတ္တိသန္တာန်များက ပို၍အရေးကြီးကြောင်းကို တင်ပြလိုခြင်းပဲဖြစ်ပါတယ်။

ကျွန်မအနေနဲ့ အနှစ်နှစ်အလလက ခံစားစုဆောင်းထားတာလေးတွေကို ရေးသားလိုက်တာဖြစ်ပြီး ဘယ်အကြောင်းဘာပဲဖြစ်ဖြစ် လူသာလျှင်အဓိကဆိုတဲ့ အကြောင်းကို လူငယ်တွေအတွက် အသိပညာပေးချင်တာလည်းဖြစ်သလို လူငယ်များအတွက် မှန်ကန်သောအတွေးအမြင်များဖြင့် ဘဝအတွက် အကောင်းဆုံးလမ်းကို သုံးသပ်ရွေးချယ်ပြီး လျှောက်လှမ်းကြစေချင်လို့လည်း ဖြစ်ပါတယ်။

ဆရာမကြီးသည် ၁၉၅၇ ခုနှစ်တွင် အဘဦးမြဖေ၊အမိဒေါ်ခင်အုန်းကြည်တို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ဆရာမကြီးသည် ၁၉၇၉ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ အင်းစိန်ရွာမ AVA စွပ်ကျယ်စက်ရုံ၌ စာရင်းကိုင်အဖြစ်လည်းကောင်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ သဲကုန်းမြို့နယ်စာရင်းရုံး၌ စာရင်းစစ်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဗဟိုစာရင်းရုံး၌ စာရင်းစစ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ ထိုမှတစ်ဆင့် အလုပ်မှနုတ်ထွက်ပြီး ခင်ပွန်းသည်တာဝန်ကျရာဒေသအသီးသီးသို့ လိုက်ပါခဲ့ကာ ၎င်းဝါသနာပါရာ စာပေများကို ရေးသားခဲ့ကြောင်း သိရသည်။

ဆရာမကြီးသည် ၁၉၈၅ ခုနှစ် မတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် ဖြတ်လမ်းဝတ္ထုတိုဖြင့် စာပေနယ်သို့ပထမဆုံးဝင်ရောက်ခဲ့ပြီး မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများတွင် ဝတ္ထုတို ၇၀ ခန့်၊ ဆောင်းပါး ၁၅ ပုဒ်နှင့် ဝတ္ထုရှည် တစ်အုပ်တို့ကို ရေးသားခဲ့ကာ လပြည့်ညရဲ့ငွေလမင်းဝတ္ထုတိုပေါင်းချုပ်၊ လောကလက်ဆောင်ဝတ္ထုတိုပေါင်းချုပ် (ဆရာမမေမောင်နှင့် နှစ်ယောက်တွဲ) နှင့် အနောက်မိုးကောင်းကင်မှမြူနှင်းပွင့်များ ဝတ္ထုတိုပေါင်းချုပ်စာအုပ်များကို ထုတ်ဝေခဲ့ပြီး ပျောက်ဆုံးသွားသောနှင်းစက်များ (သို့မဟုတ်) နှင်းစက်ပုံပြင် ဝတ္ထုရှည်စာအုပ်ကိုလည်း ထုတ်ဝေရေးသားခဲ့လေသည်။ ထို့ပြင် စာရေးဆရာမ မိုးမိုး (အင်းလျား) ၏ အမှတ်တရဝတ္ထုတိုဆုပြိုင်ပွဲ၌ ထီးမိုးဝတ္ထုတိုဖြင့် စာပေအထူးဆုကို ဆွတ်ခူးရရှိခဲ့ပြီး အဆိုပါ ထီးမိုးဝတ္ထုတိုအား ဂျပန်နိုင်ငံမှ မြန်မာစာလာရောက်သင်ကြားနေသော ဂျပန်စာရေးဆရာမ မပန်းခက်က ဂျပန်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့ကြောင်း သိရသည်။ ယခုအခါ နေပြည်တော်တွင် နေထိုင်လျက်ရှိသည်။




**ဘာသာပြန် (သုတ ) ရဲမင်းဝင်း**

"အဓိက ဘာသာပြန်ဖြစ်တာက ဒီစာအုပ်မှာ ကျွန်တော် စိတ်ဝင်စားတဲ့ ရွှေးကောက်ပွဲ ကမ်ပိန်း စီမံခန့်ခွဲမှုဗျူဟာရယ်၊ ကျွန်တော် ကျွမ်းကျင်တဲ့ နည်းပညာပိုင်း ပါနေတာကြောင့်ပါ။ ဒါကြောင့်လဲ ကျွန်တော် အကြောင်းအရာတွေကို နိုင်နိုင်နင်းနင်း ဘာသာပြန်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ဘာသာပြန်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒစ်ဂျစ်တယ် စာတတ်မြောက်မှုမှာ အားဖြည့်ပေးချင်တာရယ်၊ ဒေတာရဲ့ စွမ်းအား၊ ဒေတာ ရဲ့ အန္တရာယ် ၊ ကိုယ်ရေးလုံခြုံခွင့် အစရှိတာတွေနဲ့ ပတ်သက်ပြီး စာဖတ်ပရိသတ်ကို သိစေချင်လို့ပါ။

"ဒီစာအုပ်က ကျွန်တော့်ရဲ့ ပထမဆုံး ဘာသာပြန်စာအုပ် ဖြစ်ပါတယ်။ အရင်ကတော့ ဖေ့ခ်ဘွတ်ခ်မှာ ဆောင်းပါးတွေ ဘာသာပြန်တာလောက်ပဲ လုပ်ဖူးပါတယ်။

"ကိုယ်ပိုင်ဆိုင်တဲ့ ဒေတာတွေကို ကုမ္ပဏီကြီးတွေက သူတို့အကျိုးအမြတ်အတွက် ဘယ်လိုသုံးနေကြတယ်၊ ကိုယ့်ကို ဘယ်လိုထိန်းချုပ်နေတယ်ဆိုတဲ့ အသိရစေချင်ပါတယ်။ စာအုပ်ထဲမှာလည်း ကိုယ့်ရဲ့ဒေတာတွေဘယ်လောက်များများ အသုံးချခံနေရတယ်ဆိုတာကို စစ်ဆေးနိုင်တဲ့ website တွေ ပါပါတယ်။ လက်ရှိအချိန်က အစိုးရတွေရော၊ အဖွဲ့အစည်းတွေရော၊ ကုမ္ပဏီတွေမှာပါ ဒေတာပိုင်ဆိုင်မှုများလေလေ စွမ်းအားကြီးလေလေဆိုတာ သိစေချင်ပါတယ်။ လူငယ်တွေအနေနဲ့ ဒေတာနဲ့ ပတ်သက်ပြီး data science လို ဘာသာရပ်တွေ၊ IT ပိုင်းမှာဆိုရင် Big Data Analytics, AI အစရှိတဲ့ ဘာသာရပ်တွေ၊ သင်္ချာပညာရပ်နဲ့ statistics ဘာသာရပ်တွေကို လေ့လာထားရင် လက်ရှိဒေတာနဲ့လည်ပတ်နေတဲ့ ကမ္ဘာကြီးမှာ အခွင့်အလမ်းကောင်းတွေ အများကြီးရလာနိုင်တယ်လို့ ပြောချင်ပါတယ်။ စာဖတ်ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် အဘ ဒေါက်တာ ချွန်ဟုတ်၊ အမိ ဒေါက်တာ ခင်စောဝင်း တို့၏ မွေးချင်း လေးယောက်တွင် အငယ်ဆုံးသားအဖြစ် မန္တလေးမြို့တွင် မွေးဖွားခဲ့ပါသည်။ မိခင်ဖြစ်သူ အစိုးရဝန်ထမ်း တာဝန်ကျရာ မိတ္ထီလာ၊ ရေဖြူ၊ လောင်းလုံးမြို့တို့တွင် လိုက်လံနေထိုင်ခဲ့ပြီး ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ၁၉၉၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ မန္တလေးစက်မှုတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ပညာသင်ကြားခဲ့ပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် B.E Electronics ဘွဲ့ ရရှိခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံ၏ IT ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရင်း စင်ကာပူနိုင်ငံ Nanyang Technological University မှာ MSc Knowledge Management ဘွဲ့ကို ၂၀၀၉ ခုနှစ်တွင် ရယူနိုင်ခဲ့ပါသည်။ ၂၀၁၃ တွင် မြန်မာနိုင်ငံသို့ပြန်လာပြီး YMW Solutions Co., Ltd နှင့် YMW Learning Hub ကို တည်ထောင်ခဲ့ပါသည်။ YMW Solutions ကုမ္ပဏီမှ IT Solutions များ ပေးအပ်နေပြီး YMW Learning Hub မှ ကလေးငယ်များနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူကျောင်းသားများအတွက် Information Literacy course, Digital Literacy course , IT Professionals training များတွင် Principal Trainer အဖြစ် တာဝန်ယူပို့ချလျက်ရှိပါသည်။ ၂၀၁၈ တွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ ဖွင့်လှစ်သော Master of Public Administration ကို ဒုတိယမြောက် မဟာဘွဲ့အဖြစ် ရယူခဲ့ပါသည်။ ဦးရဲမင်းဝင်းသည် နည်းပညာဆိုင်ရာ ဟောပြောပွဲများ၊ အသိပညာဆိုင်ရာ သင်တန်းများတွင်လည်း CSO အဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။ လက်ရှိတွင် ဦးရဲမင်းဝင်းသည် မန္တလေးမြို့တွင်နေထိုင်၍ နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာ စာပေများ ရေးသားခြင်း၊ ဘာသာပြန်ခြင်းများ လုပ်ကိုင်လျက်ရှိသည်။

**တင်စိုး၊ ဓာတ်ပုံ-အာကာစိုး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ချင်းရွှေဟော်၊ မြဝတီနှင့် ကျိုင်းတုံကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီလေးခုမှ ယာဉ်ငါးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser တစ်စီး ၁၆ တန်၊ အောက်ဆီဂျင်အိုးခွံ ၉၆၀၊ Oxygen plant တစ်ခု၊ လက်အိတ် ၂၈ တန်နှင့် နှာခေါင်းစည်း (Mask) ၁၈ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant တစ်ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ တင်သွင်းလာစဉ်။

## ပျဉ်းမနား၊ ဘားအံနှင့် မိုးကုတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ခဲမောင်၊ မျိုးအောင်နှင့် အောင်စိမ်း တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညပိုင်းတွင် ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒက်ချောင်းကျေးရွာအနီးရှိ အောင်စိမ်း၏ တောင်ယာတဲသို့ဝင်ရောက်ရှာဖွေရာ ခဲမောင်နှင့် မျိုးအောင်တို့ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၆၂ ပြား၊ ဘိန်းဆီခဲ ၀ ဒသမ ၀၆၅၃၂ ကီလို ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ဘားအံခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု လှာကမြင်ကျေးရွာရှိ ကျော်လှစိုး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀ ကိုလည်းကောင်း။

ထို့နောက် နိုဝင်ဘာ ၁၀ ရက် ည ၈နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တစ်လုံး ကျေးရွာအုပ်စု ကျောက်တစ်လုံး ကျေးရွာအနီးတွင် ချန်ဖူး(ခ)ထွန်းလွင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၁ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကွတ်ခိုင်မြို့နယ် ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ခဲ့သည့်စစ်သည်အား စစ်တရားရုံးဖြင့်စစ်ဆေး၍ ထိရောက်ပြင်းထန်စွာ အရေးယူသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးအား စစ်သည်တစ်ဦးက အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့သဖြင့် ၎င်းစစ်သည်အား ဖော်ထုတ်၍တရားဥပဒေအတိုင်း အရေးယူပေးစေလိုကြောင်း ဒေသခံအချို့က သက်ဆိုင်ရာသို့ တိုင်ကြားလာခဲ့သည်။

တိုင်ကြားသောကိစ္စရပ်သည် ပြည်သူလူထုနှင့် ပတ်သက်၍သော်လည်းကောင်း၊ တပ်မတော်၏ ဂုဏ်သိက္ခာပိုင်းအရသော်လည်းကောင်း၊ ကြီးလေးသည့် ရာဇဝတ်မှုမျိုးဖြစ်သည့်အတွက် သတင်းရရှိသည်နှင့်တစ်ပြိုင်တည်း သက်ဆိုင်ရာနယ်မြေသို့ တာဝန်ရှိသူများစေလွှတ်၍ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

စိစစ်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် တပ်သားအဆင့်ရှိ မင်းမင်းစိုး၊ ကျော်မျိုးဝေနှင့် မိုးဝင်းတို့သုံးဦးသည် အခြေပြုနေရာမှ သောက်သုံးရေသွားရောက်ခပ်ယူစဉ် ရေဆိပ်အနီးရှိ တောင်ယာတဲအတွင်းမှ ခြံစောင့်ဖြစ်သူ အမျိုးသမီးတစ်ဦးကို တပ်သား မင်းမင်းစိုးက အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့ကြောင်း ကနဦးဖော်ထုတ်သိရှိခဲ့ရသဖြင့် အဆိုပါစစ်သည်သုံးဦးအား သီးခြားစီခွဲ၍ ထပ်မံစစ်ဆေးခဲ့ရာ တပ်သား မင်းမင်းစိုးမှာ အမှန်တကယ် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။

အဆိုပါ ပြစ်မှုကျူးလွန်ခဲ့သည့် စစ်သည်အား စစ်စည်းကမ်းအရ အရေးယူနိုင်ရေးအတွက် အများပြည်သူရှေ့မှောက်တွင် တရားစီရင်မှု (Open Court) စစ်တရားရုံးဖြင့် ပွင့်လင်းမြင်သာစွာ အမြန်ဆုံးစစ်ဆေးသွားမည်ဖြစ်ပြီး ယင်းဖြစ်ရပ်မျိုးအတွက် လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိခဲ့သည့် အစဉ်အလာအတိုင်း ပြစ်မှုကျူးလွန်သူအား ထိရောက်ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❂ ကျောဖုံးမှ

နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ လေးရက်ကြာ ထိုးနှံပေးသွားမှာဖြစ်ပါတယ် ” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ကုမ္ပဏီဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများအနေဖြင့် အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ YRTC ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ လက်ကို စနစ်တကျ ဆေးကြောစေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ တန်းစီစောင့်ဆိုင်းစေခြင်းအပါအဝင် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၏ စီမံမှုဖြင့် နေ့စဉ် YBS ယာဉ်လိုင်း ၉၇ လိုင်းမှ ယာဉ်အစီးရေ ၂၆၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ လေးသိန်းခွဲခန့်အား ပို့ဆောင်ပေးလျက်ရှိရာ YBS ခရီးသည်တင်ယာဉ်မောင်းများအနေဖြင့် နေ့စဉ်ခရီးသွားပြည်သူများနှင့် ပြောဆိုဆက်ဆံနေကြရပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရရန် လွယ်ကူနေသဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ YBS ယာဉ်လိုင်းကုမ္ပဏီ ၁၉ခု၊ ပုဂ္ဂလိကကြီးကြပ် လေးခု စုစုပေါင်း ၂၃ ခုတွင်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့် ယာဉ်မောင်းများနှင့် ကုမ္ပဏီဝန်ထမ်း ၂၅၅၅ ဦးအား (ပထမအကြိမ်)အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။ အဆိုပါ YBS ယာဉ်မောင်းများနှင့် ကုမ္ပဏီဝန်ထမ်းများအား (ဒုတိယအကြိမ်) အဖြစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ လေးရက်ကြာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း YRTC မှ သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

❍ ကျောဖုံးမှ

နည်းပြတစ်ဦးဖြစ်ပြီး သုံးနှစ်ကြာ လက်တွဲခဲ့ပြီးနောက်တွင် အသင်းနှင့် လမ်းခွဲကာ ဗီလာအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဗီလာအသင်းသည် ပရီမီယာလိဂ်ငါးပွဲဆက် ရှုံးနိမ့်ပြီးနောက် တနင်္ဂနွေနေ့က ထုတ်ပယ်လိုက်သော နည်းပြဖြစ်သူ ဒိန်းစမစ်၏ နေရာ၌ ဂျရတ်ကို အစားထိုးခန့်အပ်လိုက်ခြင်း ဖြစ်သည်။ ဂျရတ်သည် ရိန်းဂျားအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၄ ခုနှစ်အထိ ရှိသောကြောင့် ဗီလာအသင်းအနေဖြင့် ရိန်းဂျားအသင်းကို လျော်ကြေး ပေါင် ၄ ဒသမ ၅ သန်း ပေးချေကာ ဗီလာပတ်ခ်သို့ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီလာအသင်းသည် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် တန်းဆင်းဇုန်အထက် နှစ်မှတ်အသာဖြင့် အဆင့် (၁၆) နေရာ၌ ရပ်တည်နေသည့် အသင်းဖြစ်သည်။ ဗီလာအသင်းနည်းပြဖြစ်လာသည့် ဂျရတ်သည် ဗီလာအသင်းနှင့် ၎င်း၏ ပထမဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်ကို ကိုင်တွယ်သွားမည် ဖြစ်သည်။

**အောင်ဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များဖြည့်ဆည်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းတပ်နယ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လည်းကောင်း **(အောက်ပုံ)**၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၅၀ စုစုပေါင်း ၁၁၄ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ကျိုင်းတုံ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကျိုင်းတုံမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်း စီမံချက်ဖြင့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်းကျေးရွာနှင့် နောင်ငင်းကျေးရွာနေ ပြည်သူများထံသို့ ကွင်းဆင်းပေးအပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက ပန်းခင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူ ၄၃ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၁၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်သူ ၃၀ ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး မွေးတိုးများ ဖြည့်သွင်းပေးခြင်း၊ သေဆုံးစာရင်းများကို အိမ်ထောင်စုစာရင်းမှပယ်ဖျက်ပေးခြင်း စသည်တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ပန်းခင်း စီမံချက်ဖြင့် ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သီပေါ၌ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး

**သီပေါ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စီမံကိန်းရေးဆွဲရေးအကောင်အထည်ဖော်ရေးကော်မတီ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းစီမံကိန်းများ အဆိုပြုချက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း(မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီသိန်းက သက်ဆိုင်ရာဌာနအလိုက် ငါးနှစ် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်း (မူကြမ်း) ရေးဆွဲနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပြုစုရမည့် စာရင်းဇယားများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနလုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ (၁၁ - ၁၁ - ၂၀၂၁)

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၆၀/၁၃၈၀ ကျပ် | ၁၃၆၀/၁၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၇၀/၁၃၉၀ ကျပ် | ၁၃၇၀/၁၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၁၀/၁၄၂၀ ကျပ် | ၁၄၅၇/၁၄၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၆၀/၁၄၈၅ ကျပ် | ၁၅၇၀/၁၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၇ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၁ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၆၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၉ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၆ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၁၁၂၆ | ၉၇၉၈၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၈၃ | ၂၆၅၇၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅၀ | ၄၀၀၀၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၃ | ၂၇၉၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၈ | ၇၅၆၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၂၅၀ | ၇၃၇၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၀ | ၃၀၀၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၁-၂၀၂၁ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္မသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကြယ်ပွင့်လေးများလင်းလက်ဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြစို့
- **၀၉:၃၅** ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
- **၀၉:၄၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** သဘာဝမိကျောင်းများပျော်စံရာ မိန်းမလှကျွန်း
- **၁၁:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်'
- **၁၅:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'အရှုံးအနိုင်'
- **၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
- **၁၇:၁၀** တစ်ပိုင်တစ်နိုင် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
- **၁၇:၃၅** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မာယာမျက်နှာဖုံး' (အပိုင်း-၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'သီကျူးနွဲ့ပျော် တန်ဆောင်တိုင်ပွဲတော်' ပျော်ပြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
- **၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'နှောင်း'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: Sierra Leone Pavilion at Expo 2020 Dubai
- **07:33** Dhamma Set Taw (Sein Lei Lei)
- **07:39** Up Against The Tide
- **08:01** Choral Dance (Duel)
- **08:09** A Chance to change their Future
- **08:28** Myanmar Traditional Festival
- **09:01** Art Students: Their Dream
- **09:07** Myanmar Prehistory
- **09:32** The Pride Of Myanmar: Traditional Handicraft
- **09:39** A Journey To Southern Shan State (Ep-1)
- **10:01** Discovering Tribes: Akha- Their Life and Customs (Part-2)
- **10:31** Buddha - Dhita (Buddhist Nuns)

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** မိုးသားတိမ်ထုအောက်က လှိုင်နန်းဗတောင်အလှ
- **ပအိုဝ်းကရင် (၀၈:၀၀ မှ ၀၉:၀၀)** မိသားစုဝင်ငွေတိုးစေဖို့ ငါးခူမွေးကြစို့
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၁)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** ရှားစောင်းလက်ပတ်ရဲ့အစွမ်း
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** ပိန်းစွယ်ဟင်းမွှန်ချက်
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ပြုံးပဒေသာ(အပိုင်း-၁)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၂)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ပူတာအိုသို့အလည်သွားခြင်း

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ငါဒါသ'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


**မြန်မာ့အလင်း**

- **စာတည်းမှူးချုပ်** - အောင်နိုင်ဦး
- **ခေတ္တစာတည်းမှူး** - မြင့်စိုး
- **သတင်းထောက်မှူး** - ခင်ရတနာ
- **စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- **အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- **အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
- **ဓာတ်ပုံသတင်းထောက်** - တင်စိုး
- **သုတေသန** - အိအိခင်နှင့် အဖွဲ့
- **စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
- **ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
- **ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဗိုလ်ချုပ်စကား နားမှာကြားသော်ပြားလည်း

## ပြည်ထောင်စုသားတစ်ဦး

**တစ်နေ့က စာအုပ်တွေရှင်းရင်း စာအုပ်ပုံတွေကြားက ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်အချို့ ထွက်လာသည်။ အချို့ဗိုလ်ချုပ်စာအုပ်တွေက ၈၈ မတိုင်ခင် စာရေးသူလူငယ်ဘဝက ရန်ကုန်မြို့လယ် လမ်းဘေးစာအုပ်အဟောင်းဆိုင်တွေက ဝယ်ခဲ့တဲ့စာအုပ်တွေ။ "အောင်သန်း၏ အောင်ဆန်း"၊ "မေ့ပျောက်၍ မရသောအောင်ဆန်း"၊ "ဗမာ့နိုင်ငံရေးသုခမိန်" စတဲ့စာအုပ်တွေဆို တစ်အုပ်မှ ငွေကျပ် ၂၀ ထဲ။**

မုန့်ဖိုးလေးတွေစုပြီး လက်လှမ်းမီတဲ့စာအုပ်တွေကို အပိုင်ဝယ်ဖတ်ရှု၊ မဝယ်နိုင်တဲ့ စာအုပ်တွေကျတော့ စာအုပ်အငှားဆိုင်မှာ ငှားရမ်းဖတ်ရှုခဲ့ရသည်။ "အောင်ဆန်းမိသားစု" စာအုပ်နှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်ရေးတဲ့ "ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်"စာအုပ်တို့ဆိုလျှင် အကြိမ်ကြိမ်အခါခါ ငှားရမ်းဖတ်ရှုဖြစ်ခဲ့သည်။ သို့ကလို ဖတ်ရှုရင်းဖြင့် ဗိုလ်ချုပ်၏ဘဝနှင့် မိန့်ခွန်းများကို အလွတ်ရလုနီးနီးဖြစ်ရသည်။

ဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မိမိနငယ်စဉ်ဘဝကတည်းက ကိုယ့်ရဲ့အိုင်ဒေါဖြစ်လို့နေသည်။ သို့ရာတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်းမှာတော့ ဗိုလ်ချုပ်စာအုပ်များကို ယခင်ကလို အကြိမ်ကြိမ်အထပ်ထပ် ပြန်မဖတ်ဖြစ်တော့။ ကိုယ့်ထက် ဗိုလ်ချုပ်ကို ချစ်ကြခင်ကြ၊ ကြည်ညိုလေးစားကြသူတွေ များလာသကိုး။

> ❒ နိုင်ငံ့လွတ်လပ်ရေး၊ အမျိုးသားကြီးပွားတိုးတက်ရေး၊ ဂိုဏ်းဂဏစိတ်ပပျောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အခါအားလျော်စွာ တစ်နိုင်ငံလုံး လှည့်လည်ဟောပြော သတိပေးခဲ့သော၊ မထောက်မညှာတမ်း ထောက်ပြဝေဖန်ပြောဆိုခဲ့သော မိန့်ခွန်းအများစုကမူ ကျမ်းအိပ်များသဖွယ် မြန်မာ့သမိုင်းထဲတွင် အိပ်ပျော်နေခဲ့ရပေသည်

ဗိုလ်ချုပ်ရုပ်တုများက မြို့တိုင်းမှာနေရာယူလာသည်။ ပန်းခြံများမှာလည်း ဗိုလ်ချုပ်၊ ဟိုမှာလည်း ဗိုလ်ချုပ်၊ ဒီမှာလည်းဗိုလ်ချုပ်။ မြို့နယ်တစ်ခုမှာဆို ပန်းခြံတစ်ခုတည်းမှာပင် ဗိုလ်ချုပ်ရုပ်တုက နှစ်ရုပ်။ ဗိုလ်ချုပ်မွေးနေ့မှာ ပဲပြုတ်တွေ၊ နံပြားတွေ ခေတ်စားလာသည်။

ဗိုလ်ချုပ်၏မိန့်ခွန်းများလည်း တစ်ခေတ်ပြန်လည်သက်ဝင်လာသည်။ သို့ရာတွင် ထိုထိုသောမိန့်ခွန်းများထဲမှ ဗိုလ်ချုပ်၏ဒီမိုကရေစီဝါဒအပေါ် ရပ်တည်ချက်သဘောထား အမြင်များကိုသာ အဓိကဦးစားပေး ကောက်နုတ်ဖော်ပြခဲ့ကြသည်။ ဗိုလ်ချုပ်ကို တစ်မျိုးသားလုံး၏အမျိုးသားခေါင်းဆောင်ကြီးထက် ဒီမိုကရေစီဘက်တော်သား၊ ဒီမိုကရေစီ၏ သင်္ကေတအဖြစ်သာ ဖော်ကျူးလိုကြ၍ဖြစ်သည်။

နိုင်ငံ့လွတ်လပ်ရေး၊ အမျိုးသားကြီးပွားတိုးတက်ရေး၊ ဂိုဏ်းဂဏစိတ်ပပျောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အခါအားလျော်စွာ တစ်နိုင်ငံလုံးလှည့်လည်ဟောပြော သတိပေးခဲ့သော၊ မထောက်မညှာတမ်း ထောက်ပြဝေဖန်ပြောဆိုခဲ့သော မိန့်ခွန်းအများစုကမူ ကျမ်းအိပ်များသဖွယ် မြန်မာ့သမိုင်းထဲတွင် အိပ်ပျော်နေခဲ့ရပေသည်။

**"မြန်မာပြည်အရေး ညီညွတ်ရေး"**

ကျွန်တော်တို့ မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာလုပ်တတ်ရမယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်။ ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန် မီးငြိမ်းရုံလောက် တတ်နိုင်အောင် ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနဲ့မှဖြစ်မှာ မဟုတ်ဘူး။

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ၊ စတုတ္ထအကြိမ်မြောက် နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေးမှ)

**"တကယ့်ဒီမိုကရေစီ"**

တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေ အကျိုးအတွက်၊ ပြည်သူတွေက တင်မြှောက်တဲ့ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။

အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေး တန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင်ကြိုးစားပေးမှ၊ ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအဆင့် တက်လှမ်းနိုင်မယ်။

(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်၊ ဂျူဗလီဟော၊ ပဏာမပြင်ဆင်မှုညီလာခံမိန့်ခွန်းမှ)

**"နိုင်ငံရေး၊ စီးပွားရေး"**

ကျွန်ုပ်တို့နိုင်ငံရေးရောဂါမှာ ဆေးချက်မှန်ပြီဖြစ်သော်လည်း စီးပွားရေးက ကုသရန် ကျန်နေသေးသည်။ စီးပွားရေးမကောင်းသမျှကာလပတ်လုံး ကျွန်ုပ်တို့မြန်မြန်ဖြစ်စေချင်သော ငြိမ်းချမ်းသာယာရေး မရနိုင်။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၁ ရက်၊ မြန်မာပြည် အင်္ဂလိပ်ကုန်သည်များအသင်း နှစ်ပတ်လည် အစည်းအဝေးမိန့်ခွန်းမှ)

**"တိုင်းပြည်အုပ်ချုပ်ရေးဆိုတာ"**

တိုင်းပြည်အုပ်ချုပ်ရေးဆိုတာ ငွေရေးကြေးရေးလိုတယ်။ ဒီငွေရေးကြေးရေးဟာ တိုင်းသူပြည်သားတွေထံမှ ကောက်ခံတဲ့အခွန်တော်တွေပဲ။ ဒီအခွန်တွေကောက်တာဟာ မှန်သလား၊ မှားသလား။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊တောင်သူလယ်သမားညီလာခံမိန့်ခွန်းမှ)

**"အမတော်ကြေးဆိုတာ"**

အမတော်ကြေးဆိုတာ အစိုးရကထုတ်ပေးတာမဟုတ်ဘူး။ တိုင်းပြည်အခွန်တော်ကထုတ်ပေးတာ။ အမတော်ကြေး ပြန်မပေးနိုင်လျှင် အမတော်ကြေးနည်းလျှင်နည်းသလောက် ငွေထုတ်မပေးနိုင်မှာဘဲ။ အမတော်ကြေးဟာ ဘယ်သူ့ငွေလဲ။ တိုင်းပြည်ငွေ။

(၁၉၄၇ ခုနှစ်၊ မေ ၁၈ ရက်၊ နှစ်သစ်ကူးမိန့်ခွန်းမှ)

**"လွတ်လပ်သည့်လူမျိုးမှတ်ကျောက်"**

အခွန်ဘဏ္ဍာကိုကြည့်ကာ ပျူငှာစွာပေးဆောင်ခြင်းသည်ပင် လွတ်လပ်သောလူမျိုးအဖြစ်ကို ထင်ရှားစေသည့် မှတ်ကျောက်ဖြစ်တယ်။

**"အခွန်မပေးဘဲနေရင်"**

အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးခြင်းပဲ။ မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာငွေကို အားမကိုးဘဲ နိုင်ငံခြားသားတို့၏ထောက်ပံ့ချေးငှားမှုကို အားကိုးအားထားပြုနေသမျှ ကာလပတ်လုံး မည်သည့်နိုင်ငံမျှ တကယ့်လွတ်လပ်ရေးကိုမရနိုင်ဘူး။

**"တိုင်းပြည်ရန်သူ"**

အခွန်တော်မဆောင်စေရအောင် ဆင်ခြေဆင်လက်အမျိုးမျိုးနဲ့သော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းနဲ့သော်လည်းကောင်း သွေးဆောင်နေသူတို့ကို မြန်မာလူမျိုး၏ရန်သူဟု မှတ်တမ်းတင်ရမယ်။

(၁၉၄၇ ခုနှစ်၊ မတ်လ ၂၁ ရက် အသံလွှင့်မိန့်ခွန်းမှ)

**"မမိုက်ကြနဲ့"**

လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်တဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာ မဟုတ်ဘူး။

(၁၉၄၇ ခုနှစ်၊ မတ်လ၊ အသံလွှင့်မိန့်ခွန်းမှ)

**"တော်လှန်ရေးတဲ့လား"**

ကိုယ့်အချင်းချင်း သတ်ဖြတ်လုယက်။ သူပုန်ထ၊ မီးနဲ့ရှို့၊ ဒီလိုလုပ်နေတာဟာ ဘာတော်လှန်ရေးလဲ။ ဒါတော်လှန်ရေးတဲ့လား။ နယ်ချဲ့သမားအကြိုက်လုပ်နေတာပဲ။

**"စစ်တပ်နဲ့နှိမ်တန်နှိမ်မည်"**

ကွန်မြူနစ်တွေက သူပုန်ထ၊ ခုံးပြတိုက်လုပ်နေကြတယ်။ ဒီလိုထကြွမှုကိုငြိမ်အောင် စစ်တပ်နှင့် နှိမ်တန်လျှင်နှိမ်မည်။

(၁၉၄၇ ခုနှစ်၊မေ ၉ ရက်၊ ပျဉ်းမနားမြို့ ဗုဒ္ဓကျောင်းဝိုင်းအတွင်း လူထုတရားပွဲ ဟောပြောချက်မှ)

**"လွတ်လွတ်လပ်လပ်အဖြစ်ပဲ လိုချင်တယ်"**

လူထုဟာ နေ့အတိုက်ခံရမလား၊ ညအတိုက်ခံရမလားဆိုပြီး မသေချာမရေရာတဲ့ အဖြစ်ကို မလိုချင်ဘူး။ လွတ်လွတ်လပ်လပ်သွားလာနေထိုင်ရတဲ့ အဖြစ်ကိုသာ လိုချင်ကြတယ်။

(၁၉၄၇ ခုနှစ်၊ မေ ၅ ရက်နေ့ ည အသံလွှင့်မိန့်ခွန်းမှ)

**"ဟိုဟာမြှောက်ပေး ဒီဟာမြှောက်ပေး"**

မသိနားမလည်တဲ့နောက်လိုက်တွေကို ဟိုဟာမြှောက်ပေး၊ ဒီဟာမြှောက်ပေးလုပ်မယ်။ ကိုယ်ကိုယ်တိုင်ကတော့ အနစ်နာခံကြမှာမဟုတ်ဘူး။ အဲဒီလိုဖြစ်ရက်နဲ့ ဒီကွန်မြူနစ်တွေ ခွတုတ်နေတာကို ခံကြမယ်ဆိုရင်လည်း ဒါဆိုရင်သဘောပဲ။

(၁၉၄၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက် အသံလွှင့်မိန့်ခွန်းမှ)

**"လက်ကိုင်တုတ်မလုပ်ကြနဲ့"**

ကွန်မြူနစ်ပါတီ ကောင်းစားရေးအတွက် လက်ကိုင်တုတ်လုပ်ခြင်းကို တို့မထောက်ခံနိုင်။ ငါတို့သည် လူထုတိုက်ပွဲ၌ ပါဝင်ခဲ့တယ်။ ရှေ့တွင်လည်း ဆက်လက်ပါဝင်ရန်ဖြစ်တယ်။ ပါတီတစ်ခုနာမည်ရဖို့ ငါတို့အားမပေး။

**"နှောင့်ယှက်တာကို မခံဘူး"**

သူတို့နှောင့်ယှက်မှုကြောင့် လွတ်လပ်ရေးနှောင့်နှေးပြီးလာတယ်။ သူတို့က ပါတီရေးပထမ၊ လွတ်လပ်ရေးဒုတိယလုပ်နေတယ်။ တို့က ဒါကိုကြည့်မနေနိုင်ဘူး။ တိုင်းပြည်လွတ်လပ်ရေး အရင်လုပ်ရမယ်။

(၁၉၄၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် ပြည်သူ့ရဲဘော်များအား ပြောကြားသည့်မိန့်ခွန်းမှ)

ဖော်ပြပါ ဗိုလ်ချုပ်၏ မိန့်ခွန်းများ ဆိုပါလျှင် ယခုခေတ်မျိုးဆက်သစ်များမဆိုထားဘိ မိမိတို့ခေတ်ပြိုင် မျိုးဆက်အများစုပင်လျှင် တော်ရုံတန်ရုံကြားဖူး၊ ဖတ်ဖူးကြလိမ့်မည် မဟုတ်ချေ။

ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့သော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်းကမူ မြန်မာပြည်သူတိုင်းခေတ်အဆက်ဆက် နားထဲစွဲမြဲနေသည့်အပြောင်မြောက်ဆုံး သမိုင်းဝင်မိန့်ခွန်းတစ်ခုဖြစ်ခဲ့လေသည်။

"လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကို ရှင်းပြခဲ့ချင်တယ်။ ခင်ဗျားတို့စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုရင် စိတ်ကူးက ဘယ့်နှယ်စိတ်ကူးကြသလဲ။ ပဒေသာပင် နေ့ချင်းညချင်းပေါက်တော့မလို ခင်ဗျားတို့က ထင်ကြလိမ့်မယ်။ တချို့ကလည်း ဂျပန်ခေတ်တုန်းက လွတ်လပ်ရေးရပြီဆိုပြီး ဘာလုပ်ကြသလဲဆိုရင် ဟသ်ာတနယ်ဘက်မှာ တွေ့ခဲ့တယ်။ လွတ်လပ်ရေးရတယ်ဆိုပြီး လူတကာတွေသွားတဲ့လမ်းပေါ်မှာ ဆေးလှန်းတယ်။ အဲဒါ လွတ်လပ်ရေးမဟုတ်ဘူး။ အဲဒီဟာက လမ်းသွားလမ်းလာလုပ်တဲ့လူတွေကို နှောင့်ယှက်ရာရောက်တယ်။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ကိုယ်တစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ လူတစ်မျိုးလုံးကောင်းစားဖို့ဖြစ်စေ တခြားသူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်ကျိုးအတွက်လုပ်နိုင်တာ လွတ်လပ်ရေးပဲ။ ကိုယ့်စီးပွားရေးလုပ်တဲ့နေရာမှာ အခြားလူတွေရဲ့ အနှောင့်အယှက်မရှိစေရဘူး။

*စာမျက်နှာ ၂၁ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

---

*စာမျက်နှာ ၂၀ မှ*

တခြားလူတွေရဲ့အကျိုးကိုလည်း မထိခိုက်ဘူး။ တိုင်းပြည်ကိုလည်း မထိခိုက်ဘူးဆိုရင် လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေမျိုးရှိရမယ်။ အဲဒီတော့ တခြားလူတွေကို နှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးမဟုတ်ဘူး။ အဲဒါကို ရမ်းကားမှုလို့ခေါ်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါ တိုင်းပြည်မှာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ စည်းနဲ့ကမ်းနဲ့လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

တိုင်းပြည်ထူထောင်ဖို့ဆိုတာ လွတ်လပ်တဲ့ တိုင်းပြည်ဖြစ်ငြားသော်လည်း အလုပ်လုပ်ရတယ်ဆိုတာ ခင်ဗျားတို့သိစေချင်တယ်။ အဲဒီတော့ ပဒေသာပင် မြေကပေါက်မလာနိုင်ဘူး။ ကျွန်တော်တို့အလုပ်လုပ်မှ ပေါက်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ လွတ်လပ်ရေးရပင်ရငြားသော်လည်း တိုင်းသူပြည်သား လူအများအပေါ် ကျရောက်လာမယ့် တာဝန်တွေကို ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ဒီနေ့ရပြီး နက်ဖြန်ခါ တခြားလက် ပြန်ပါသွားမယ်ဆိုတာ ခင်ဗျားတို့သိစေချင်တယ်။ အဲဒီလို လွတ်လပ်ရေးရတဲ့အခါမှာ စီမံကိန်းအမျိုးမျိုးနဲ့ လုပ်တောင်မှ အနှစ်နှစ်ဆယ်လောက်ကြာမယ်။

မြန်မာတွေရဲ့စိတ်ဓာတ်ထက်မြက်တယ်ဆိုတာ တလွဲမှာ ဆံပင်ကောင်းနေတာပဲ။ တကယ့်နေရာကျတော့ အသုံးမကျဘူး။ မြန်မာပြည်လွတ်လပ်ရေးလုပ်တဲ့နေရာမှာ အသုံးမကျဘူး။ မြန်မာ၊ မြန်မာချင်းချဖို့ လုပ်ချင်တယ်။ ပြန်လည်ထူထောင်ရေးလုပ်တဲ့နေရာမှာ အသုံးမချချင်ဘူး။ ဒါတွေလုပ်ချင်လျှင် ဘယ်တော့မှအကျိုးခံစားခွင့်ရှိမှာမဟုတ်ဘူး။ ဒီတိုင်းပြည် ပြန်လည်မထူထောင်နိုင်ဘူး။ နာလန်မထူနိုင်ဘူး။

တိုင်းပြည် ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဖြစ်နေတဲ့အခြေအနေမှာ အင်မတန်ပဲဆိုးနေတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ ဒီကမ္ဘာစစ်ကြီးပြီးတဲ့ နောက်ကမ္ဘာ ပေါ်မှာရှိတဲ့ နိုင်ငံတွေထဲမှာ ကျွန်တော်တို့ တိုင်းပြည်လို "မိအေးနှစ်ခါနာ" ရှိတဲ့ တိုင်းပြည်မျိုး မရှိသေးဘူး။ ဂျပန်ဝင်လာတော့လည်း စစ်မြေပြင် ဖြစ်တယ်။ အင်္ဂလိပ်ပြန်ဝင်လာတော့လည်း စစ်မြေပြင်ဖြစ်တယ်။ အဲဒီလို မိအေးနှစ်ခါနာဖြစ်တဲ့ မြန်မာပြည်ဟာ အင်မတန်ပဲ စီးပွားရေးမှာပျက်စီးတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ကျပ်တယ်ကျပ်တယ်နဲ့ ပြောနေကြတယ်။ လူတွေက ဖုံးပေါလအော သုံးစွဲနေကြတုန်းပဲ။ ကျွန်တော်တို့မြန်မာတွေမှာ ဆီမရှိလို့ မစားနိုင်ဘူးလို့ ပြောကြတယ်။ ဆီမရှိလို့ မစားနိုင်တာ မှန်ပါတယ်။ သို့သော်လည်းပဲ ဒီဆီကို ဘာအတွက်သုံးနေကြသလဲ။ ဖုံးပေါလအော သုံးသလား မသုံးဘူးလားဆိုတာ ဈေးတွေသွားကြည့်ပါ။ အိမ်တွေသွားကြည့်ပါ သိနိုင်ပါတယ်။ တခြားနိုင်ငံကိုသွားကြည့်ရင် ဆီကိုဒီလိုဖုံးပေါလအောသုံးသလား မသုံးဘူးလားဆိုတာ သွားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ခင်ဗျားတို့ စိတ်ထဲမှာတော့ ဘာမှအရေးမကြီးဘူးလို့ထင်တယ်။ ခင်ဗျားတို့ ဆီတွေ ဖုံးပေါလအော သုံးသည့်အတွက်ကြောင့် ကုလားပြည်က နှစ်စဉ်ဆီတွေအမြောက်အမြား သွင်းနေရတယ်။ အဲဒါဈေးကြီးတဲ့အကြောင်းတစ်ရပ်ပဲ။

ပြီးတော့ ငရုတ်၊ ကြက်သွန်ကိုကြည့်ပါ။ မြန်မာပြည်မှာ ကိုယ့်ဘာသာကိုယ်စိုက်လို့ မရဘူးလား။ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာစိုက်ထားတယ်။ အိမ်ရာကွက်လပ်ရှိတဲ့နေရာမှာ ရှိတဲ့လူတွေက စိုက်ကြပါလား။ ဒီလိုတော့မစိုက်ကြဘူး။ ဈေးမှာ ဝယ်စားတော့ အဲဒီငရုတ်၊ ကြက်သွန်တွေ ဘယ်က လာသလဲ။ အိန္ဒိယပြည်က လာတယ်။ အိန္ဒိယပြည်ကလာတော့ အိန္ဒိယပြည်ကိုခင်ဗျားတို့ပိုက်ဆံပေးနေရတယ်။ ဒီတိုင်းပြည်မှာရနိုင်တဲ့ ပစ္စည်းကို တခြားနိုင်ငံက ဝယ်ရတဲ့အတွက် ဈေးတွေကြီးတယ်ဆိုတာဟာ အခုလို အကြောင်းမျိုးတွေကြောင့်ပဲ။

အဲဒီလိုပဲ ဆန်စားတဲ့နေရာမှာ ဆရာဝန်တွေနဲ့ အာဟာရဓာတ်ကိုနားလည်တဲ့လူတွေက လိုက်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ အာဟာရဓာတ်တွေဟာ တခြားနိုင်ငံတွေထက် ပိုများတယ်။ ကျွန်တော်တို့ပြည်မှာ ဆန်က လုံလောက်တယ်။ ပိုနေတယ်။ နိုင်ငံခြားကို တင်ရောင်းရတယ်။ နိုင်ငံခြားတင်ရောင်းရပေမယ့် စစ်မဖြစ်ခင်ကလောက် ပိုပိုလျှံလျှံမရှိဘူး။ အဲဒီမှာ ကျွန်တော်တို့လူမျိုးတွေစားတာက ရေးကထက် လျှော့မစားဘူး။ အရင်ကလိုပဲ ဖုံးပေါလအော စားတုန်းပဲ။ ကျွန်တော်တို့တိုင်းပြည်က ဝင်ကုန်၊ ထွက် ကုန်မှာ ထွက်ကုန်က အရင်စစ်မဖြစ်ခင်က ဝင်ကုန်ထက်များတယ်။ အဲဒီအထဲမှာ ဆန်ကုန်ကူးတဲ့အတွက် အများဆုံးအမြတ်ရတယ်။ ဆန်ကိုသာလျှင် အများဆုံးအားထားရတယ်။ မြန်မာတွေရဲ့ အသက် သခင်ဖြစ်တဲ့ကိစ္စမှာ စစ်ဖြစ်ပြီးပျက်စီးနေတဲ့ အတွက်ကတစ်ကြောင်း၊ နွားတွေလုယူသွားတာက တစ်ကြောင်း၊ သူခိုးဓားပြ သောင်းကျန်းမှုကြောင့် တစ်ကြောင်း၊ လယ်ယာတွေကို ရှေးကလောက် မလုပ်နိုင်ဘူး။ အဲဒီလို မလုပ်ရတဲ့အထဲမှာ ခင်ဗျားတို့ကဖုံးပေါလအောစားတုန်းပဲ။ ဆန်လုတဲ့လူကလည်း လုတုန်းပဲ။ အဲဒီလိုဖြစ်နေတာကို ခင်ဗျားတို့က ကျပ်တယ်ကျပ်တယ်နဲ့ ဘာအံ့သြစရာရှိသလဲ။ ကျပ်မှာပဲလို့ပြောချင်တယ်။

တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ ကိစ္စတွေ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေ တိုင်းပြည်အတွက် အကျိုးရှိသလား မရှိဘူးလားဆိုတာ ခင်ဗျားတို့ ပြန်စဉ်းစားကြည့်ပါ။ ခင်ဗျားတို့ အကျိုးကိုထိသလား၊ မထိဘူးလားဆိုတာ ခင်ဗျားတို့က ဘယ်လမ်းက မှန်တယ်ဆိုတာ ခင်ဗျားတို့စဉ်းစားကြည့်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေ မှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။

ခင်ဗျားတို့ဟာ လွတ်လပ်ရေးကိုလိုချင်ရင် ရနိုင်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင် ရနိုင်လောက်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက်လည်းပဲ ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားချင်တယ်ဆိုရင် အလုပ်လုပ်ဖို့ စည်းကမ်းရှိကြဖို့ အခုကတည်းက ခင်ဗျားတို့ရဲ့အကျင့်ဆိုးတွေ အကျင့်ဟောင်းတွေ စောက်ကျင့်တွေပြင်ဖို့ လိုပြီလို့ ကျွန်တော်ပြောခဲ့မယ်။"

ဗိုလ်ချုပ်၏ ဆိုခဲ့ပါနောက်ဆုံးမှာတမ်းသည် မြန်မာအများစု၏ အရိုးစွဲနေသော ဓလေ့ဆိုး၊ အကျင့်ဆိုးများကိုမထောက်မညှာတမ်း ဘွင်းဘွင်းရှင်းရှင်း ထောက်ပြဝေဖန် ပြောဆိုခဲ့သော နာမည်ကျော် မိန့်ခွန်းတစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက် လူကြိုက်များ ရေပန်းစားခဲ့သည်။ အာဇာနည်နေ့ နီးကပ်လာပြီဆိုလျှင်ဖြင့် တစ်နှစ်တစ်ခါ ပြန်လည်ကြားလာရစမြဲ။ ဆိုက်ကားဆရာကအစ ခရီးသည်စောင့်ရင်း အသံအကျယ်ကြီး ဖွင့်တတ်သည်။

သို့တစေ အာဇာနည်နေ့လွန်လေသော် မြန်မာပြည်သူအများစုသည် အလင်္ကာကျော်စွာ ဆရာကြီးဦးဘဂျမ်း၏ ကာတွန်းထဲကသို့နှယ် "အားလုံး … သတိ … ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ … တိုင်းပြည်အတွက် အသက်စွန့်၍သွားကြသော … ခေါင်းဆောင်ကြီးများအား … တစ်နှစ်တစ်ကြိမ်… သတိရသောအားဖြင့် …အလေး … ပြု"

"နေမြဲ၊ နေမြဲဆိုတာက … နေမြဲ … စားမြဲ … ခိုးမြဲ …ရမ်းမြဲ …ဆော်မြဲ…ညာမြဲ … မိုက်မြဲ … လူပါးဝမြဲ… ဖင်ခေါင်းကျယ်မြဲ … ညစ်ပတ်မြဲ… ပြန်ပြီး … ညစ်ပတ်ကြပေတော့" ဟူသည့်အတိုင်း အားလုံး နေမြဲ။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဝိဇ္ဇာဓရဓမ္မဗိမာန် နှစ်ထပ်နှစ်ဆောင်တွဲ ကျောင်းဆောင်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

အနန္တော အနန္တငါးပါး ဦးထိပ်ထား ပန်ဆင်လျက် နှစ်ဖက်သောမိဘဘိုးဘွားများအား အမှူးထား၍ ဇေယျဝတီပရိယတ္တိစာသင်တိုက်ကြီး၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် တွဲယှဉ်လျက် မတည်အလှူရှင်များနှင့် ၇ ရက်သားသမီး အများပေါင်းစုတည်ဆောက်ခဲ့သော ဝိဇ္ဇာဓရဓမ္မဗိမာန် နှစ်ထပ်နှစ်ဆောင်တွဲကျောင်းဆောင်ရေစက်ချ အလှူမင်္ဂလာပွဲကို

**"လေးကြိမ်မြောက် ကထိန်အလှူရှင်၊ ဝိဇ္ဇာဓရဓမ္မဗိမာန် နှစ်ထပ်နှစ်ဆောင်တွဲ"မတည်ကျောင်းအလှူရှင်ဖြစ်သော**

အလှူဒါယကာ - ဦးရဲအောင်အောင်တင်
အလှူဒါယိကာမ - ဒေါ်သင်းသင်းအိ
သား - မောင်အံ့ဘွယ်လွင်၊ မောင်ဝေယံဘုန်းလွင် မိသားစု(ရန်ကုန်မြို့)မှ

ကျင်းပပြုလုပ်မည် ဖြစ်သောကြောင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အလှူတော်မင်္ဂလာနေ့ရက်**
- ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့
- ၁၈-၁၁-၂၀၂၁ ရက်(ကြာသပတေးနေ့)

**အလှူတော်မင်္ဂလာအချိန်**
- နံနက် ၉:၀၀ နာရီမှ ၁၀:၀၀ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်၊ ကထိန်သင်္ကန်း ဆက်ကပ် ကထိန်အလှူတော်နှင့် ဗိမာန်တော်ကြီး ရေစက်သွန်းချပါမည်။
- နံနက် ၁၀:၀၀ နာရီတွင် သံဃာတော်များ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးပါမည်။
- နံနက် ၁၁:၀၀ နာရီတွင် စတုဒိသာ ကျွေးမွေးပါမည်။

**အလှူတော်မင်္ဂလာနေရာ**
- "ဇေယျဝတီပရိယတ္တိစာသင်တိုက်"၊ လှိုင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်ဈေးကြီးရှေ့

## Shwe Zin Htut Company Limited
## မိမိ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြော်ငြာခြင်း

၂၀၂၁ခုနှစ် စက်တင်ဘာ ၃၀ရက်၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ Shwe Zin Htut Company Limited အား မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးနိုင်ဝင်း(တရားလွှတ်တော်ရှေ့နေ)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| | |
|---|---|
| **ဦးဝင်းထွတ်** | **ဦးနိုင်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **တရားလွှတ်တော်ရှေ့နေ** |
| **Shwe Zin Htut Co., Ltd.** | **(စဉ်-၁၆၇၈၉/၂၁-၁၂-၂၀၂၀)** |
| | **အမှတ်(၃၉၈)၊ (၆)လွှာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၄၀၀၄၀၆၈၈၆** |

## Shwe Zin Htut Mining Company Limited
## မိမိ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြော်ငြာခြင်း

၂၀၂၁ခုနှစ် စက်တင်ဘာ ၃၀ရက်၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ Shwe Zin Htut Mining Company Limited အား မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးနိုင်ဝင်း(တရားလွှတ်တော်ရှေ့နေ)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| | |
|---|---|
| **ဦးဝင်းထွတ်** | **ဦးနိုင်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **တရားလွှတ်တော်ရှေ့နေ** |
| **Shwe Zin Htut Mining Co., Ltd** | **(စဉ်-၁၆၇၈၉/၂၁-၁၂-၂၀၂၀)** |
| | **အမှတ်(၃၉၈)၊ (၆)လွှာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၄၀၀၄၀၆၈၈၆** |

## သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ကျွဲဒုံးတိုက်နယ်၊ ကျွဲဒုံးကျေးရွာအုပ်စု၊ (၈)ရပ်ကွက်၊ အမှတ်(၇၃၈)ရွာမြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံသည် ဦးအောင်လှနှင့် ဒေါ်ခင်ကြည်တို့ပိုင်ဆိုင်ပြီး ၎င်းတို့ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော (၁)ဦးဆန်းဝင်းထွန်း၊ (၂)ဦးမျိုးမြင့်ဇော်၊ (၃)ဦးခင်မောင်မြင့်နှင့် (၄) ဒေါ်ဖြိုးဖြိုးခိုင်တို့မှ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အမွေဆိုင်များအားလုံး၏ သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမျိုးမြင့်ဇော်** | **ဦးဒါယူစီ** |
| **၁၂/လမတ(နိုင်)၀၀၃၃၇၉** | **အထက်တန်းရှေ့နေ(စဉ်-၅၃၀၉၇)** |
| | **တိုက်အမှတ်(၃၂)၊ အခန်း(၉)၊ သုနန္ဒာလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၂၆၀၀၀၅၁၈၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၁၀၆၅၊ ၁၀၆၆)ဟု ခေါ်တွင်သော ဒေါ်သန်းညွန့် ၁၂/ဒဂန(နိုင်)၀၁၅၃၉၆ အမည်ပေါက် မြေအလျားxအနံ(၈၀x၆၀) ပေ၊ ဧရိယာ ၄၈၀၀ စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက်အမှတ်(၁၀၆၅/ခ)၊ အလျားxအနံ(၂၀x၆၀)ပေ၊ ဧရိယာ ၁၂၀၀ စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်ထွန်း ၁၂/အစန(နိုင်)၀၅၀၅၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာမြင့် ၁၄/ဓနဖ(နိုင်)၀၉၅၈၆၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (စဉ်-၈၃၅၁)(၁၃-၉-၂၀၁၂)** | **ဒေါ်စုစုအောင်(စဉ်-၁၃၄၉၈)(၁၂-၁၀-၂၀၁၇)** |
| **(LL.B,D.B.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
